ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက် ၊ ကြာသပတေးနေ့ ၊ (29-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၂)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးညီစောနှင့် များဖြစ်ကြသည့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ (အခြေခံပညာအဆင့်) ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၈

နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသ အဂျင်စီတို့က ကြီးမှူး၍ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်ထိ သုံးရက် တိုင်တိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို အခြေခံပညာမူလတန်းအဆင့်အတွက် အာကာသအိပ်မက်၊ အခြေခံပညာအလယ်တန်းအဆင့်အတွက် လူသားနှင့် အနာဂတ်အာကာသ၊ အခြေခံပညာအထက်တန်းအဆင့်အတွက် အသုံးချလေ့လာအာကာသနည်းပညာ စသည့် ခေါင်းစဉ်များဖြင့်


စာမျက်နှာ ၂၂ ကော်လံ ၁



၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၈

ယနေ့ည‌နေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



ဆိုင်ကလုန်းမုန်တိုင်း တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော် အောက်တိုဘာ ၂၈

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့၊ ဗီဆာကာပတ္တနမ်မြို့တို့ကြား ရနမ်မြို့တောင်ဘက်အနီးမှ ဖြတ်ကျော်ခဲ့သော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Very Severe Cyclonic Storm) "အာနာဘ်" (ARNAB)သည်

စာမျက်နှာ ၂၂ ကော်လံ ၄

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၈

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၈ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I)၊အမျိုးသားစာကြည့်တိုက်၊အမျိုးသားပြတိုက်၊ယဉ်ကျေးမှုဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တည်းခိုရေးစခန်းနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၄

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်
အယ်ဒီတာ့အာဘော်

ပညာရေးသာမက အားကစားပါထူးချွန်သော လူငယ်များဖြစ်စေရေး

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားတစ်ခုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရေးအတွက် နိုင်ငံတော်က လူငယ်ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးသာမက အားကစားပါထူးချွန်၍ နိုင်ငံတော်က အားထားရသည့် လူငယ်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။

ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြရမည့် မျိုးဆက်သစ်များဖြစ်သည်နှင့်အညီ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ ဟူသည့် ဗလငါးတန်နှင့် ပြည့်စုံစေရေး အစဉ်တစိုက်ကြိုးပမ်းနေကြရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာပိုင်းထူးချွန်နေရုံဖြင့်မလုံလောက်ပေ။ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းနေရန်လည်း လိုအပ်သည်။ ကျန်းမာရေးချို့တဲ့ပါက မိမိတို့ကြိုးစားထားသမျှ အချည်းနီးပင်ဖြစ်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာကြံခိုင်ရေးအတွက် ထိထိရောက်ရောက် အထောက်အကူပြုနိုင်သည့် ကိုယ်လက်လှုပ်ရှားအားကစားမျိုးကို လိုက်စားကြရမည်ပင်ဖြစ်ပေသည်။ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပညာရေးတို့သည် ခွဲခြားမရသည့် အရာများဖြစ်သည်။

တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲသည် ကျောင်းသား၊ ကျောင်းသူများ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကိုယ်ကာယဖွံ့ဖြိုးမှုတို့ ဟန်ချက်ညီစေရေး၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းရှိမှု၊ ဇွဲလုံ့လနှင့် အသင်းအဖွဲ့ စိတ်ဓာတ်များ တိုးတက်လာစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဒေသအလိုက် စစ်ကိုင်းဒုန်၊ နေပြည်တော်ဒုန်၊ မကွေးဒုန်၊ မန္တလေးဒုန်၊ မွန်ဒုန်၊ ရန်ကုန်ဒုန်၊ ရှမ်းဒုန်၊ ဧရာဝတီဒုန်ဟူ၍ ဒုန် ရှစ်ခုခွဲကာ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ဘော်လီဘော၊ ဘောလုံးဟူ၍ အားကစားနည်း ခြောက်မျိုးကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ နေပြည်တော်ရှိ Naypyitaw State Polytechnic University၊ ရွှေကြာပင်အားကစားကွင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)တို့တွင် တက္ကသိုလ်ပေါင်းစုံမှ အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၉၂ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် တက္ကသိုလ်ပေါင်းစုံအဆင့်၊ ဒုန်အဆင့်၊ ဗဟိုအဆင့် အားကစားပြိုင်ပွဲများကျင်းပပေးခြင်းအားဖြင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများသည် အချင်းချင်းထိတွေ့မှု၊ ချစ်ခင်ရင်းနှီးမှု၊ ညီညွတ်မှုနှင့် ဒေသန္တရဗဟုသုတများရရှိပေမည်ဖြစ်သည်။

အားကစားပြုလုပ်ခြင်းသည် ပထမဆုံးတစ်ကိုယ်ရေကျန်းမာကြံခိုင်ရေးကို ရရှိစေသည်။ ထို့ပြင် အသင်းအဖွဲ့နှင့်ကစားရသည့် အလေ့အထမှတစ်ဆင့် အချင်းချင်းစည်းလုံးညီညွတ်မှုနှင့် စုပေါင်းစိတ်ကိုရရှိစေကာ နိုင်ငံ့ဂုဏ်၊ အမျိုးသားရေးဂုဏ်ကို ဆောင်ကြဉ်းလိုသည့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထက်သန်လာစေမည်ဖြစ်သည်။

သို့ဖြစ်ရာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးတွင်သာမက အားကစားတွင်လည်းထူးချွန်၍ အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားရသည့် ဘက်စုံထူးချွန်သော လူငယ်များဖြစ်စေရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၇၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၇၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၇၄၁၆ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၇၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ နှမ်း ဧက ၉၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

ပုသိမ်မြို့နယ်တွင် ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



ပုသိမ် အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်ပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် အောက်တိုဘာလ ဒုတိယပတ်မှ ယနေ့ထိ ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ထောပတ်ပဲဖြူများ ဝယ်ယူမှု အားကောင်းလာခြင်းမှာ ဒေသစျေးကွက်အပြင် ရန်ကုန်စျေးကွက်ကပါ အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"အခု ပုသိမ်မြို့နယ်မှာ အခြားပဲတွေထက် ထောပတ်ပဲဖြူက ဝယ်ယူမှု ပိုအားကောင်းနေပါတယ်။ အခုလ ဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ရန်ကုန်စျေးကွက်က ထောပတ်ပဲဖြူတွေ အဝယ်လိုက်နေလို့ အရောင်းအဝယ် ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ထောပတ်ပဲဖြူနဲ့ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာလို့ပါ။ ထောပတ်ပဲဖြူတွေ အရောင်းအဝယ်ကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေ၊ တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ပုသိမ်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ထောပတ်ပဲဖြူ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝမ်းတွင်းမြို့နယ် သဖန်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ သဖန်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သဖန်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ရန်ပုံငွေကျပ် ၃၃ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄/ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၈၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

သာစည်မြို့နယ် မောင်းမဆည်ကျေးရွာ၌ အယ်လ်နီညှိနှုင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

သာစည် အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညှိနှုင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက မောင်းမဆည်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်မြသက်ဝင်းက အယ်လ်နီညို ရာသီဥတုကြောင့် မိုးရွာသွန်းမှုများခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်၊ ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို စနစ်တကျ သုံးစွဲကြရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဌာနဆိုင်ရာအဖွဲ့အစည်းများထံ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အယ်လ်နီညှိနှုင့် အပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ကြဉ်ရန် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အယ်လ်နီညှိနှုင့်အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

တံတားဦးမြို့နယ် အင်းကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

တံတားဦး အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းအေးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အင်းကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လက်ထောက် ညွှန်ကြားရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို ရန်ပုံငွေကျပ် ၄၆ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျွန်းလှ အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၃၆၆၅ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

သထုံမြို့နယ် ဒဂ်ါးဆိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

သထုံ အောက်တိုဘာ ၂၈

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဒဂ်ါးဆိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ဒဂ်ါးဆိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ပိုင်းဝန်း ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သန်း ၄၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သုတ**

ကန်ကြီးထောင့်မြို့နယ်တွင် ကောက်ညှင်းဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကန်ကြီးထောင့် အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ကောက်ညှင်းဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် အောက်တိုဘာလဒုတိယပတ်မှ ယနေ့ထိ ကောက်ညှင်းဆန်များ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ကောက်ညှင်းဆန်များ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသဈေးကွက်က အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု ကန်ကြီးထောင့်မြို့နယ်မှာ အခြားဆန်တွေထက် ကောက်ညှင်းဆန်က ဝယ်ယူမှုပိုအားကောင်းနေပါတယ်။ အောက်တိုဘာလ ဒုတိယပတ်ကနေ အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာလဲ ကောက်ညှင်းဆန်တွေ အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ ကောက်ညှင်းဆန်တွေ အရောင်းအဝယ်ကောင်းမွန်လာတော့ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ၊ တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် အရောင်းအဝယ်ကောင်းနေသည့် ကောက်ညှင်းဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၈၄၀၀ မှ ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ကောက်ညှင်းဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်ထံမှ သိရသည်။ **ကျော်ကျော်လင်း**



ဘကြီးတော်ဘုရား ရွှေနန်းဖွင့်မော်ကွန်း

ဤမော်ကွန်းကိုဖတ်ရှုလေ့လာခြင်းမပြုသေးမီ ဘကြီးတော်စစ်ကိုင်းမင်း အင်းဝမြို့၌ နန်းတက်သည့် အကြောင်းကို ရေးဖွဲ့ထားသော မော်ကွန်းဖြစ်မည်ဟု အစကထင်ခဲ့သည်။ ထိုကဲ့သို့ထင်ရခြင်းမှာလည်း အကြောင်းရှိသည်။ ဘကြီးတော်စစ်ကိုင်းမင်းသည် အင်းဝမြို့ကို လေးကြိမ်မြောက် တည်ထောင်ပြီး စိုးစံခဲ့သော မင်းဖြစ်သည်။ ဤမော်ကွန်းသည်လည်း ဘကြီးတော်ဘုရား ရွှေနန်းဖွင့်မော်ကွန်းဟု အမည်တွင်နေသောကြောင့် ဘကြီးတော်စစ်ကိုင်းမင်း အင်း၀၌ နန်းတက်သည့်အကြောင်း ရေးထားသော မော်ကွန်းဟုထင်ခဲ့သည်။ သို့သော် မော်ကွန်းဖတ်ရှုလေ့လာခွင့်ရသောအခါတွင် ဤမော်ကွန်းသည် ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်သည့်အကြောင်း ရေးဖွဲ့ထားသည့် မော်ကွန်းဖြစ်သော်လည်း အင်းဝ နန်းတက်မော်ကွန်းမဟုတ်ပေ။ အမရပူရမြို့နန်းတက်သည့်အကြောင်းကို ရေးဖွဲ့ထားသည့် မော်ကွန်းသာဖြစ်သည်။

ဘကြီးတော်စစ်ကိုင်းမင်းသည် အင်းဝမြို့ကို တည်၍ စိုးစံခဲ့သော်လည်း နန်းတက်စဉ်က အမရပူရ နေပြည်တော်၌သာဖြစ်သည်။ အမရပူရမြို့ကိုတည် ထောင်စိုးစံခဲ့သော ဘိုးတော်ဗဒုံမင်းသည် သက္ကရာဇ် ၁၁၈၁ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်နေ့တွင် နတ်ရွာစံခဲ့သည်။ ဘိုးတော်ဗဒုံမင်း နတ်ရွာစံသော အခါတွင် ဘကြီးတော်စစ်ကိုင်းမင်းသည် အမရပူရ ထီးနန်းကို ၁၁၈၁ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်နေ့တွင် ဆက်ခံခဲ့သည်။ ဘကြီးတော်ဘုရား ရွှေနန်းဖွင့် မော်ကွန်းသည် အမရပူရမြို့၌ ဘကြီးတော် စစ်ကိုင်းမင်း နန်းတက်သည့်အကြောင်းကို ရေးဖွဲ့ထားသော မော်ကွန်းတစ်စောင်ဖြစ်သည်။

မော်ကွန်းစာဆို

ဘကြီးတော်ဘုရားရွှေနန်းဖွင့်မော်ကွန်းကို ရေးဖွဲ့ခဲ့သူမှာ မြန်မာစာပေသမိုင်းတွင် မော်ကွန်းနဝဒေးဟု ထင်ရှားသော ဝက်မစွတ်နဝဒေးပင်ဖြစ်သည်။ ဝက်မစွတ်နဝဒေးသည် မြန်မာစာပေသမိုင်းတွင် အလွန်ထင်ရှားသည်။ သိသူများသည်။ ဝက်မစွတ် နဝဒေးအကြောင်းကို သမိုင်းသုတေသီရွှေကိုင်းသားက စာအုပ်တစ်စောင်တစ်ဖွဲ့ရေးသားပြုစုထုတ်ဝေခဲ့ဖူးသည်။ ထို့ပြင် စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်း အသီးသီးတွင်လည်း ဝက်မစွတ်နဝဒေးအကြောင်း ပါမြဲဖြစ်သည်။ သို့ဖြစ်သောကြောင့် ဘကြီးတော် ဘုရားရွှေနန်းဖွင့်မော်ကွန်းကို စာဆိုဝက်မစွတ်နဝဒေး အကြောင်းအား ရှေးပေမူတစ်ဆူမှ ကူးယူထားသည့် မှတ်တမ်းအတိုင်းသာ ဖော်ပြပါမည်။

"တတိယနဝဒေးကြီးအကြောင်း။ စစ်ကိုင်းမြို့ နယ် ဆားတောင်ရွာအဝင် ရွာဝေးရွာသူကြီးရိုး။ ၁၁၁၅ ခုဖွား။ ငယ်မည်မောင်နု၊ ဘွဲ့မှာ သူကြီးတို့ရမြဲ ဗလနန္ဒသူ၊ အမရပူရပဋမမြို့နန်းတည်မင်းတရားကြီးလက်ထက် ရှုလော့စဉ်ရှည်ချီ မိတ္ထိလာကန်ဘွဲ့ မော်ကွန်း စာတအင်္ဂါခန့်ကို မိတ္ထိလာကန်သို့ ထွက်တော်မူရာ ၁၁၅၈ ခုနှစ် ရေးသားဆက်သွင်းသည်တွင် အချီးမွမ်းတော်ကိုခံရသည်။ နောက် ၁၁၆၀ ပြည့်နှစ် တက်ဖြိုးလျှံဝေချီ ပုခန်းမင်းသားနှင့် ရွှေဂူမင်းသမီးလက်ထက် ရတုကိုဆက်သည်။ နောက်မင်္ဂလာရတုမှစ၍ ရတုကဗျာရေးသားသည်နှင့် ရေကြည့်ပြန်တွင် နဝဒေးဘွဲ့ကိုခံသည်။ သားတော်၊ မြေးတော်လက်ထပ်မင်္ဂလာရတု၊ မင်းကွန်းနန်းတော်ဘွဲ့ရတု၊ အိမ်တော်သိမ်းရတုများကို ရေးသည်တွင် ရှေးဦးစွာသံတော်ဆင့်ခန့်သည်နှင့် မင်းကွန်းတွင် တွင်းသင်းမင်းကြီးမရှိနောက်တွင်းသင်းတိုက်ဝန်၊ ဝက်မစွတ်မြို့စားတော်နေရာနေ၊ မဟာသခ်ီယာစည်သူ မဟာသီရိစည်သူဘွဲ့ခံ၍ ဝိလာသီနီ၊ ဗာဝရီ၊ အာသံနိုင်၊ ရခိုင်နိုင်၊ စန္ဒာမုနိဘုရား၊ မင်းကွန်းနန်းတည်၊ သာမုဒရိကလက္ခဏာကျမ်း စုစုပေါင်း ခုနစ်စောင်၊ လောကဝိဒူဟိုု၊ ကြက်ထောင့်ဘွဲ့ရတု၊ ဆက်ရတု အများရေးသည်။ အမရပူရဒုတိယမြို့နန်းတည် မင်းတရားကြီးလက်ထက် တက်ထွန်းဖြိုးကြွယ်ချီ မင်္ဂလာရတုကို ဆက်သည်ဟူ၍ ရေးဖွဲ့ထားသည်။

ဘကြီးတော်ဘုရားရွှေနန်းဖွင့်မော်ကွန်းအမည်ကို ရေးပေမူပုရပိုက်မူတို့၌ အမည်အမျိုးမျိုးတပ်ခဲ့ကြသည်ကို တွေ့ရသည်။ ထိုအမည်များကို ထုတ်ဖော်ပြပါမည်။

၁။ ဝက်မစွတ်နဝဒေးဆို နန်းဖွင့်မော်ကွန်း

၂။ မင်းနဝဒေးဆို ရွှေနန်းဖွင့်မော်ကွန်း

၃။ ဘကြီးတော်ဘုရား ရွှေနန်းဖွင့်မော်ကွန်း ဟူ၍ဖြစ်သည်။ အမည်သာ ကွဲလွဲခေါ်ကြသော်လည်း မော်ကွန်းမှာတစ်စောင်တည်းသာဖြစ်သည်။

❖ ဘကြီးတော်ဘုရား နန်းဖွင့်မော်ကွန်းသည် နန်းဓလေ့မှတ်တမ်းများဖြင့် ထုံမွမ်းနေသော မော်ကွန်းတစ်စောင်ဖြစ်သည်။ ကုန်းဘောင်ခေတ်လယ်ကာလ ထီးဓလေ့၊ နန်းဓလေ့ကို လေ့လာချင်သူများအတွက် များစွာအထောက်အကူပြုသော မော်ကွန်းတစ်စောင်ဖြစ်သည်။ မော်ကွန်းရေးဖွဲ့ခဲ့သူ ဝက်မစွတ်နဝဒေးသည် ဘကြီးတော်စစ်ကိုင်းမင်း၏ နန်းတက်ပွဲကို ကိုယ်တိုင်သိမြင်ခဲ့ရသူဖြစ်သည်။ ထို့ကြောင့် ဝက်မစွတ်နဝဒေးသည် သူတွေ့ကြုံမြင်ခဲ့ရသည့် နန်းဖွင့်အခမ်းအနားကို ပိုင်နိုင်သေချာစွာ ရေးဖွဲ့ထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘကြီးတော်ဘုရား ရွှေနန်းဖွင့်မော်ကွန်းသည် သမိုင်းတန်ဖိုးကြီးသော ခေတ်ပြိုင်မော်ကွန်းတစ်စောင်ဟု ဆိုရမည်ဖြစ်ပါသည်။ ❖

တွင် ရွာဝေးရွာကို ရွာစားသနားတော်မြတ်ခံရသည်။ ရဲတင်းဘွဲ့မော်ကွန်းတရပ်နှင့် တရုတ်သံရောက် မော်ကွန်းများကိုလည်း ရေးသည်။ နောက်အိုမင်းပြိုဖြစ်၍ ကျောက်စီတောင်ဝှေး သနားတော်မူပြီးလျှင် တံခါးနီတော်ရောက်ပေါင်းစီး၍ ဝင်ရသည်။ အသက် ၈၅၊ ၁၂၀၂ ခု၊ ပြာသိုလဆန်း ၂ ရက်နေ့ အနိစ္စရောက်သည်"

ဘကြီးတော်ဘုရားနန်းဖွင့်မော်ကွန်း

ဘကြီးတော်ဘုရားနန်းဖွင့်မော်ကွန်းသည် "ချီးလော့ပွင့်လှိုင်း"ဟူသော စကားဖြင့် အစချီထားသည်။ မော်ကွန်းပိုဒ်ရေမှာ ၂၅ ပိုဒ်ရှိသည်။ မော်ကွန်းရေးဖွဲ့ပြီးစီးသောနှစ်ကို မသိရပေ။ သို့သော်လည်း ဘကြီးတော်စစ်ကိုင်းမင်း အမရပူရထီးနန်းကို ဆက်ခံခဲ့သည့် ၁၁၈၁ ခုနှစ်တွင် ရေးဖွဲ့ပြီးစီးခဲ့သည်ဟု ယူဆရသည်။ မော်ကွန်းစာကိုယ်အတွင်း၌ မော်ကွန်းရေးသားပြီးစီးသောနှစ် မပါရှိသော်လည်း မော်ကွန်းရေးသားသူအမည်ကို စာဆိုကိုယ်တိုင်က မော်ကွန်းပိုဒ်ရေ ၂၅ ၌-

" ရွှေဘုံပြကတော့၊ မင်းတို့နေ့ကို
နဝဒ္ဒေနောက်၊ မဟာမြောက်သား
စွယ်ရောက်ညီညွတ်၊ စည်သူမတ်လျှင်
နာဂတ်နောင်လာ၊ မှတ်စိမ့်ဌာဟု
အက္ခရာစံကွန်း၊ ကွင်းကွင်းဝန်းသည်
မော်ကွန်းရွှေစာညွန့်ဘူးတည်း"

မော်ကွန်းတွင် ရေးဖွဲ့ထားသော အကြောင်းများ

နန်းဖွင့်မော်ကွန်းဆိုသည့်အတိုင်း မော်ကွန်း စာကိုယ်အတွင်း၌ ထီးဓလေ့၊ နန်းဓလေ့များနှင့်ဆိုင်သည့် အခမ်းအနားများကိုသာ အဓိက အလေးပေးဖွဲ့ဆိုထားသည်။ နန်းဖွင့်မော်ကွန်းဆိုသည်မှာ ရှင်ဘုရင်နန်းသိမ်းပွဲ၊ နန်းတက်ပွဲ ကျင်းပသည့် အခမ်းအနားကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ နန်းတက်သည့်အကြောင်းရေးဖွဲ့ထားသည့် နန်းတက်မော်ကွန်းဟူ၍လည်း တစ်မျိုးမှတ်သားနိုင်သည်။

ဘိုးတော်ဗဒုံမင်းသည် အင်းဝမြို့၌ ၁၁၄၃ ခုနှစ်တွင် နန်းတက်သည်။ နန်းတက်ပြီး မကြာခင် စစ်ကိုင်းဘက်တွင် အိမ်နီမွှေဘဝက စံခဲ့ဖူးသော အိမ်တော်ရာနေရာ၌ စေတီကိုတည်ခဲ့သည်။ ထိုစေတီကို အောင်မြေလောကစေတီဟု ကမ္ဘည်းတင်ခဲ့သည်။ အောင်မြေလောကစေတီ တည်ပြီးသောအခါတွင် အမရပူရမြို့တော်နန်းတော်ကို တည်ထားခဲ့သည်။ ထိုအကြောင်းကို မော်ကွန်းပိုဒ်ရေ ၅ ၌-

"တရားမင်းကြီး၊ ညီးညီးရွှန်းလက်
မုနောတက်သော်၊ ထွတ်ချက်ထိပ်ဗွေ
အောင်မြေလောက၊ ဇေယသရီ
ရွှေစာတီကို၊ ရာသီလချင်း
ပြီးစေလျှင်းမှ၊ ကြံရင်းတော်ဖြစ်
ညာဆန်မြစ်ထက်၊ မြို့သစ်ထွန်းပေါက်
ထီးနန်းဆောက်သာ၊ နှစ်ယောက်ရွှေတောင်
မင်းဗျားနောင်လျှင်၊ စောင့်ဆောင်ပေတတ်
လေးခုမြတ်၌၊ မိုးကျွတ်ကထိန်
ခါတော်ချိန်၌၊ ပူရိန်အမရ
မြတ်ဌာနကို၊ အစဆောင်ချေ
အပြီးနွေဖြင့်၊ ခုနစ်ခွေပြို့
တောင်ရေရုံသား၊ ရွှေဘုံနန်းပွင့်
နတ်နှယ်တင့်မှ"

ဟူ၍ ရေးဖွဲ့ထားသည်။

ဘိုးတော်ဗဒုံမင်း နတ်ရွာစံပြီးသော် မြေးတော် စစ်ကိုင်းမင်းသည် အမရပူရရွှေနန်းတက်တော်မူသည်။ ဘကြီးတော်စစ်ကိုင်းမင်း အမရပူရရွှေနန်းတက်သည့်အခါ၌ သီရိပဝရသုဓမ္မရာဇာဓိရာဇာတံဆိပ်ကိုခံယူခဲ့သည်။ မိဖုရားခေါင်ကြီးသည်လည်း သီရိပဝရမဟာရာဇိန္ဒာရတနာဒေဝီ ဘွဲ့တံဆိပ်ကို ခံယူခဲ့သည်။ ထိုတံဆိပ်ကို နန်းဖွင့်ပွဲအခမ်းအနား၌ ပညာရှိတို့က ဖတ်လျှောက်ရသည်။ ထိုအကြောင်းကို မော်ကွန်းပိုဒ်ရေ ၂၁ ၌-

"သီဟာသန၊ ဘူပထိပ်မှန်း
ပြဿဒဒ်နန်းသို့၊ ကြင့်နန်းဘုန်းထူ
တက်တော်မူက၊ ဇမ္ဗူရည်လင်
ကျည်းရွက်ရှင်ကို၊ သွယ်ငင်လက်နှိုး
တမုတ်ကြိုးနှင့်၊ မှုးရိုးမတ်သား
သာဖြားစံညီ၊ ပွင့်ပြိုင်ချီသော်
ဝဇီရာဝုဓ၊ မြပဏ္ဏာထက်
ဗိုလ်ရှူထွက်ခံ၊ နတ်ပေါင်းရံသို့
ဘုံပျံပလွင်၊ မုနောရင်က
နှုတ်မင်္ဂလာ၊ မဟာဇေတ
ဒီဃာယုဟု၊ ခရုညာရစ်
ဖြဟ္မာသစ်တို့၊ ညွှန့်သစ်သပြေ
နောတတ်ရေဖြင့်၊ သံခြေလွှဲမြူး
ဘိသိက်ကျူး၏၊ ကျေးဇူးတော်ဘွဲ့
ချီးသံချဲ့သား၊ ရာနှစ်ဆဲ့တစ်
နန်းချင်းလှစ်ပြီး၊ ခြယ်ရစ်ပတ္တမြား
ရှေ့တော်ထားသား၊ ပါဠိသားပါဠို
ပြောင်ပြောင်ညိမ့်၊ သီရိပဝရသုဓမ္မရာဇာဓိရာဇာ
မည်တော်သာကို၊ ဗြဟ္မာဘတ်မြွတ်
သိကြားဆက်၍၊ စုံလက္ခဏာ
နန်းညာခေါင်တိ၊ မျိုးဘုန်းရှိအား
သီရိပဝရမဟာရာဇိန္ဒာရတနာဒေဝီ၊ တင်ပြီရွှေ
မှောက် ရှိပန်းလျှောက်၍"

ဟူ၍ ရေးဖွဲ့ထားသည်။

ဘကြီးတော်ဘုရား နန်းဖွင့်မော်ကွန်းသည် နန်းဓလေ့မှတ်တမ်းများဖြင့် ထုံမွမ်းနေသော မော်ကွန်းတစ်စောင်ဖြစ်သည်။ ကုန်းဘောင်ခေတ်လယ်ကာလ ထီးဓလေ့၊ နန်းဓလေ့ကို လေ့လာချင်သူများအတွက် များစွာအထောက်အကူပြုသော မော်ကွန်းတစ်စောင်ဖြစ်သည်။ မော်ကွန်းရေးဖွဲ့ခဲ့သူ ဝက်မစွတ်နဝဒေးသည် ဘကြီးတော်စစ်ကိုင်းမင်း၏ နန်းတက်ပွဲကို ကိုယ်တိုင်သိမြင်ခဲ့ရသူဖြစ်သည်။ ထို့ကြောင့် ဝက်မစွတ်နဝဒေးသည် သူတွေ့ကြုံမြင်ခဲ့ရသည့် နန်းဖွင့်အခမ်းအနားကို ပိုင်နိုင်သေချာစွာ ရေးဖွဲ့ထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘကြီးတော်ဘုရားရွှေနန်းဖွင့် မော်ကွန်းသည် သမိုင်းတန်ဖိုးကြီးသော ခေတ်ပြိုင်မော်ကွန်းတစ်စောင်ဟု ဆိုရမည်ဖြစ်ပါသည်။

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြုံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပိုလ်ရှိတ်(ရတနာပူရ)

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၉၄၁၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်း အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၄၁၃ ဧကစိုက်ပျိုးမည် ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ကုလားပဲ ၂၈၄၁၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် နိုဝင်ဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၂၈၄၁၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားပါမယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာ၌ ကုန်ထုတ်လမ်း မြေသားခဲ့ခြင်း၊ မြေသားတာပေါင် မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

ဓနုဖြူ အောက်တိုဘာ ၂၈

ဇရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ရိုးကြီးကျေးရွာအုပ်စု ရိုးကြီးကျေးရွာ၌ ကုန်ထုတ်လမ်း မြေသားလမ်းခဲ့ခြင်း၊ မြေသားတာပေါင်မြှင့်တင်ခြင်းနှင့် Box Culvertတစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ရှိသူများက ကုန်ထုတ်မြေသားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက ကုမ္ပဏီမှတာဝန်ရှိသူများကို သတ်မှတ် စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရိုးကြီးကျေးရွာ၌ ကုန်ထုတ်မြေသားလမ်း တစ်ဖက်လျှင် အရှည် တစ်မိုင်၊ အကျယ် သုံးပေ၊ အမြင့်တစ်ပေရှိ မြေသားလမ်းခဲ့ခြင်း၊ တစ်ဖက်လျှင် အရှည်တစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် တစ်ပေရှိ မြေသားတာပေါင် မြှင့်တင်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ် ၃၁၉ ဒသမ ၅၇၅ သန်းဖြင့် White Brothers ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ကြောင်း ဓနုဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တေဇာလင်း

မှတ်ကျောက်ကောင်းတင်ပါ

- စကားချို နှုတ်ခွန်းအလှ
ယဉ်ကျေးကြေ ချိုချိုသာ၊
ကြီးသူကို ရိုသေပေး
လေးစားကြပါ၊
ရွယ်တူလည်း ကောင်းမွန်စွာ
ဆက်ဆံကာ လေးစားမှု၊
ငယ်သူတွေ စဉ်သနား
ရိုးသားရှေးရှု။

- ဘဝမှာ မှတ်တမ်းတစ်ခု
ဂုဏ်ရည်ထု လမ်းစထွင်၊
သမိုင်းကျန် ကောင်းစိတ်ထား
လူသားခေါ်တွင်၊
လူဖြစ်ကျိုး တန်ဖိုးဝင်
စိတ်ပျော်ရွှင် ဘဝလမ်း၊
အောင်ပွဲယူ ပန်းတိုင်လျှောက်မှ
ထွန်းတောက်ဂုဏ်လွှမ်း။

- လူဖြစ်လျှင် တာဝန်ထမ်း
ကျင့်ဝတ်မန္တမ်း ထိန်းသိမ်းလေ၊
ကူညီပါ ကြင်နာစိတ်
ပုံရိပ်ကောင်းစေ၊
မှတ်ကျောက်ကောင်း တင်မြဲပေ
ထင်စွဲနေ တန်ဖိုးထွား၊
စိတ်ချမ်းသာ
နိမိတ်လွှမ်းဖြာ မင်္ဂလာရှိတယ်
ပီတိတို့ပွား။ ။

မောင်စစ်သွေး

အုတ်ဖိုမြို့နယ် ကြက်တိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အုတ်ဖို အောက်တိုဘာ ၂၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်တိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမွဲလျော့ကျစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် သန်း ၅၀ ကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကြက်တိုက်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၄၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း၊ အသေးစား စက်မှုလက်မှု (စက်ချုပ်)လုပ်ငန်း လုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

ကွယ်လွန်ခဲ့သော ဂျပန်ဝန်ကြီးချုပ်ဟောင်းအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာ တရုတ်သမ္မတ ပေးပို့



ပေကျင်း အောက်တိုဘာ ၂၈

ပြီးခဲ့သည့် ရက်သတ္တပတ်က ကွယ်လွန်ခဲ့သော ဂျပန်ဝန်ကြီးချုပ်ဟောင်း ဖူကူဒါအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို တရုတ်သမ္မတရှီကျင့်ဖျင်က ကျန်ရစ်သူမိသားစုထံ အောက်တိုဘာ ၂၇ ရက်တွင်ပေးပို့ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ်ဟောင်း ဖူကူဒါသည် ကျင့်ဝတ်နှင့် ပြည့်စုံ၍ တာဝန်ယူမှုရှိသော ဂျပန်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး တရုတ်ပြည်သူတို့၏ မိတ်ဆွေဟောင်းလည်းဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်၏ ဝမ်းနည်းကြောင်း သဝဏ်လွှာ၌ ဖော်ပြထားသည်။

ထို့ပြင် ဂျပန်ဝန်ကြီးချုပ်ဟောင်း ဖူကူဒါသည် မှန်ကန်သော သမိုင်းအမြင်ကိုလည်း စောင့်ထိန်းခဲ့သူဖြစ်ကြောင်း အဆိုပါဝမ်းနည်းကြောင်း သဝဏ်လွှာ၌ တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားထားသည်။

အလားတူ လက်ရှိဂျပန်ခေါင်းဆောင်များ အနေဖြင့်လည်း တရုတ်နှင့် ဂျပန်နှစ်နိုင်ငံဆက်ဆံရေး၏ နိုင်ငံရေးအုတ်မြစ်ကို ကာကွယ်စောင့်ထိန်းရန်လည်း သမ္မတရှီကျင့်ဖျင်က တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ ပြောကြားချက်များသည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းအတွင်း နှစ်နိုင်ငံဆက်ဆံရေး စတင် တင်းမာခဲ့ပြီးနောက်ပိုင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နှင့် ဂျပန်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ ရှားရှားပါးပါး ပြောကြားခဲ့သော မှတ်ချက်စကားများဖြစ်သည်။

အောက်တိုဘာ ၂၂ ရက်တွင် ကွယ်လွန်ခဲ့သော ဂျပန်ဝန်ကြီးချုပ်ဟောင်းဖူကူဒါသည် ဝန်ကြီးချုပ်ရာထူးကို တစ်နှစ်မျှရယူထားစဉ်အတွင်း အာရှအိမ်နီးချင်းနိုင်ငံများအထူးသဖြင့် တရုတ်နှင့်ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဖင်လန်နှင့် နော်ဝေခေါင်းဆောင်တို့ ရုရှားသမ္မတပူတင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေး

မော်စကို အောက်တိုဘာ ၂၈

ဖင်လန်သမ္မတ အလက်ဇန်းဒါး စတပ်ဘ်နှင့် နော်ဝေ ဝန်ကြီးချုပ် ယိုးနက်စ်ဂါး စတိုရီတို့သည် အောက်တိုဘာ ၂၇ ရက်တွင် ရုရှားသမ္မတပူတင်နှင့်ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

အောက်တိုဘာ ၂၇ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ဖင်လန်နှင့် နော်ဝေခေါင်းဆောင်တို့က ယူကရိန်းစစ်ရေးပဋိပက္ခကို ရပ်တန့်ပေးရန်အတွက် ရုရှားသမ္မတပူတင်ကို တိုက်တွန်းပြောကြားခဲ့ကြကြောင်း သိရသည်။

ယူကရိန်း စစ်ရေးပဋိပက္ခကို အဆုံးသတ်ရေးအတွက် ကြိုးပမ်းရာ၌ အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်၏ ရပ်တည်ချက် ရုရှားနိုင်ငံဘက်သို့ အလေးသာလာချိန်တွင် ဖင်လန်နှင့် နော်ဝေခေါင်းဆောင်





တို့က ရုရှားသမ္မတ ပူတင်နှင့် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဖင်လန်နှင့် နော်ဝေခေါင်းဆောင်တို့သည် ရုရှားသမ္မတပူတင်နှင့် မိနစ် ၉၀ ကြာ ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ပြီးနောက် ယူကရိန်းသမ္မတ ဇီလန်စကီးနှင့်လည်း ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြသည်။

ရုရှားသမ္မတပူတင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးမှုမှာ ပွင့်လင်း၍ အဓိပ္ပာယ်ရှိသည့် ဆွေးနွေးပွဲဖြစ်ခဲ့ကြောင်း ဖင်လန်သမ္မတ အလက်ဇန်းဒါးစတပ်ဘ်က ပြောကြားခဲ့သည်။

ဖင်လန်နှင့် နော်ဝေနိုင်ငံတို့မှာ ရုရှားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြရာ ယူကရိန်းစစ်ရေးပဋိပက္ခသည် မိမိတို့အပေါ်တွင်လည်း တိုက်ရိုက်အကျိုးသက်ရောက်မှုရှိမည်ဟု ဖင်လန်သမ္မတက သုံးသပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

ဘရာဇီးအထက်လွှတ်တော်အမတ် ဘော်လ်ဆိုနာရို ဘရာဇီးနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ထွက်ခွာ

ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၈

ဘရာဇီး အထက်လွှတ်တော်အမတ် ဘော်လ်ဆိုနာရိုသည် အောက်တိုဘာ ၂၇ ရက်တွင် ဘရာဇီးနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ထွက်ခွာခဲ့သည်ဟု သတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အထက်လွှတ်တော် အမတ် ဘော်လ်ဆိုနာရိုသည် အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပခဲ့သော ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့၌ လက်ရှိသမ္မတ လူလာဒါဆေးလ်ဗားကို အရေးနိမ့်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသို့ မိသားစုနှင့်အတူ ထွက်ခွာသွားခြင်းဖြစ်သည်။

ဘော်လ်ဆိုနာရိုသည် အဆိုပါ ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့ရလဒ်ကို လက်ခံရန်ငြင်းပယ်ခဲ့ပြီး နိုင်ငံကူးလက်မှတ်ပြန်လည်အပ်နှံရန် ဘရာဇီးတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်ကိုလည်း ငြင်းပယ်ထားသည်။

လက်ရှိတွင် ဘော်လ်ဆိုနာရိုနှင့် မိသားစုဝင်များသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ ရောက်ရှိနေပြီး ၎င်းတို့အတွက် ပြည်ဝင်ခွင့်ဗီဇာကို ထုတ်ပေးရန် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက စီစဉ်ထားသည်။

ဘရာဇီးနိုင်ငံမှ ဘော်လ်ဆိုနာရို ထွက်ခွာသွားခြင်းကြောင့် အမေရိကတိုက်၏ လူဦးရေအများဆုံးနိုင်ငံများဖြစ်ကြသော အမေရိကန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ကြား ဆက်ဆံရေး ပိုမိုတင်းမာလာနိုင်ကြောင်း သိရသည်။

ဘော်လ်ဆိုနာရိုသည် ၂၀၂၂ ခုနှစ် ဘရာဇီးသမ္မတ ရွေးကောက်ပွဲ၌ လူလာဒါဆေးလ်ဗားကို အရေးနိမ့်ခဲ့သော်လည်း ရလဒ်ကိုလက်ခံရန် ငြင်းပယ်ခဲ့သော သမ္မတဟောင်း ဂျိုင်အာဘော်လ်ဆိုနာရို၏သားဖြစ်ကြောင်းသိရသည်။

Ref : RT

Trs : KKO

အီရန်စစ်ရေးပဋိပက္ခအတွက် အမေရိကန်တပ်မတော် သုံးစွဲထားရသည့်ငွေကြေး ဒေါ်လာ ၄၇ ဘီလီယံကျော်ထိရှိ

ဝါရှင်တန် အောက်တိုဘာ ၂၈

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ဖြစ်ပွားခဲ့သော အီရန်စစ်ရေးပဋိပက္ခအတွက် အမေရိကန်တပ်မတော်အနေဖြင့် လက်ရှိထိ အမေရိကန်ဒေါ်လာ ၄၇ ဘီလီယံကျော် သုံးစွဲထားသည်ဟု ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန် တပ်မတော်က အီရန်စစ်ရေး ပဋိပက္ခအတွက် လက်ရှိထိသုံးစွဲထားရသည့် အဆိုပါငွေကြေးပမာဏသည် ယခုနှစ် ဇူလိုင်လအတွင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော အီရန်စစ်ရေးပဋိပက္ခ စစ်ရေးအသုံးစရိတ် ခန့်မှန်းချက်ထက် ၂၅ ရာခိုင်နှုန်းကျော် ပိုမိုမြင့်မားကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်၏ ရီပတ်ဘလီကန် ပါတီအနေဖြင့် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများမတိုင်မီ အီရန်စစ်ရေးပဋိပက္ခ၏ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ပြည်တွင်းနိုင်ငံရေး ပြဿနာများနှင့် ရင်ဆိုင်နေရချိန်တွင် အီရန်စစ်ရေးပဋိပက္ခ အသုံးစရိတ် နောက်ဆုံးခန့်မှန်းချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်စစ်ရေးပဋိပက္ခ၏ ကမ္ဘာ့စွမ်းအင်ဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုကြောင့် ရီပတ်ဘလီကန်ပါတီ အမတ်လောင်းများနှင့် သမ္မတဒေါ်နယ်ထရမ့်တို့ ရရှိထားသည့် လူထုထောက်ခံမှုရာခိုင်နှုန်းကျဆင်း လာခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

အကျဉ်းထောင်သစ်သို့ ပထမအသုတ် အကျဉ်းသားများကို ကော်စတာရီကာအစိုးရ စတင်ပို့ဆောင်



စန်ဟိုဆေး အောက်တိုဘာ ၂၈

ကော်စတာရီကာ နိုင်ငံသည် အုပ်စုအဖွဲ့ ရာဇဝတ်မှုနှိမ်နင်းရေး အကျဉ်းထောင်သစ်သို့ ပထမအသုတ်အကျဉ်းသား ၁၂၃ ဦးတို့ကို စတင်ပို့ဆောင်ခဲ့သည်ဟု ကော်စတာရီကာ တရားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကော်စကာရီကာ နိုင်ငံသည် စီအေစီစီအို အကျဉ်းထောင်သစ်ကို အယ်လ်ဆာဗေးဒိုးအစိုးရ၏အကူအညီဖြင့် စန်ဟိုဆေးမြို့ ဆင်ခြေဖုံးဒေသ၌ တည်ဆောက်ထားခြင်းဖြစ်သည်။

စီအေစီစီအို အကျဉ်းထောင်သစ်သို့ ပို့ဆောင်ခဲ့သော ပထမအသုတ်အကျဉ်းသားများ၏ ဓာတ်ပုံများကို ကော်စတာရီကာအစိုးရတရားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

စီအေစီစီအို အကျဉ်းထောင်သည် ရာဇဝတ်မှုနှိမ်နင်းရေး လမ်းစဉ်သစ်၏ သင်္ကေတဖြစ်ကြောင်း သမ္မတ လော်ရာဖာနန်ဒက်ဇ်ဦးဆောင်သည့် ကော်စတာရီကာအစိုးရအဖွဲ့ကပြောကြားထားသည်။

ကော်စတာရီကာ နိုင်ငံသည် လက်တင် အမေရိကဒေသ၏ ဘေးကင်းလုံခြုံမှုအရှိဆုံး နိုင်ငံများထဲတွင် အပါအဝင်ဖြစ်သော်လည်းမကြာသေးမီ နှစ်များအတွင်း ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုများ မြင့်တက်လာမှုနှင့် ရင်ဆိုင်လာခဲ့ရကြောင်းသိရသည်။

Ref : RT

Trs : KKO

နာဆာက အားတီးမစ်-၃ မစ်ရှင်အတွင်း အနာဂတ်လဆင်းယာဉ် မစ်ရှင်များအတွက် စမ်းသပ်မှုများပြုလုပ်မည်ဖြစ်



ဝါရှင်တန် အောက်တိုဘာ ၂၈

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သည် အားတီးမစ်-၃ မစ်ရှင်အတွင်း အနာဂတ်လဆင်းယာဉ်မစ်ရှင်များအတွက် စမ်းသပ်မှုများပြုလုပ်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာဆာအဖွဲ့သည် ၂၀၂၇ ခုနှစ်အတွင်း အားတီးမစ်-၃ မစ်ရှင်အရ နာဆာအာကာသယာဉ်မှူး သုံးဦးနှင့် ဥရောပအာကာသယာဉ်မှူးတစ်ဦးတို့ကို အိုရီယွန်အာကာသယာဉ်ဖြင့် လကမ္ဘာအနီးသို့ စေလွှတ်မည်ဖြစ်သည်။

၁၄ ရက်ကြာမည့်အားတီးမစ်-၃ မစ်ရှင်ကာလအတွင်း အာကာသယာဉ်မှူးများနှင့် မြေပြင်ထိန်းချုပ်ရေးစခန်း ကျွမ်းကျင်သူများသည် အနာဂတ်လဆင်းယာဉ် မစ်ရှင်များအတွက် စမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အားတီးမစ်-၃ မစ်ရှင်အောင်မြင်ခဲ့ပါက နာဆာအဖွဲ့သည် အားတီးမစ်-၄ မစ်ရှင်ဖြင့် လမျက်နှာပြင်ပေါ်သို့ အာကာသယာဉ်မှူးများစေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ကို SLS ဒုံးပျံဖြင့် ၂၀၂၇ ခုနှစ် နွေဦးရာသီတွင် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

၎င်းမစ်ရှင်အောင်မြင်ပါက နာဆာအဖွဲ့သည် အားတီးမစ်-၄ မစ်ရှင်ကို ၂၀၂၈ ခုနှစ်တွင် ဆက်လက် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

စပေ့အိတ်ကုမ္ပဏီက Starship -15 မစ်ရှင် လွှတ်တင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေ

ဝါရှင်တန် အောက်တိုဘာ ၂၈

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship -15 မစ်ရှင်ကို လွှတ်တင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship -15 မစ်ရှင်တွင် အသုံးပြုမည့် စူပါဟဲဗီးပင်မဒုံးယာဉ်၏ ရက်ပ်တာ-၃ ဒုံးအင်ဂျင် ၃၃ လုံးတို့ကို ၁၅ စက္ကန့်ကြာ စက်နှိုးစမ်းသပ်ခဲ့ကြောင်း သိရသည်။

စူပါဟဲဗီးပင်မဒုံးယာဉ်၏ ရက်ပ်တာဒုံးအင်ဂျင်များ စမ်းသပ်မှုကို အောက်တိုဘာ ၂၇ ရက်တွင် ဆောက်သ်တက္ကဆက်ဒေသ စတားဘေ့အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



စမ်းသပ်မှုကာလအတွင်း ရက်ပ်တာဒုံးအင်ဂျင် ၃၃ လုံးစလုံးမှာ ချောမွေ့စွာ လည်ပတ်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship -15 မစ်ရှင်ကို လာမည့် နိုဝင်ဘာလအတွင်း စတားဘေ့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါမစ်ရှင်အတွင်း Starship ဒုံးပျံသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စုတစ်စုကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ပင်လယ်ရေပြင်များအတွင်း ရှင်သန်ကျက်စားခဲ့ကြသော ရေနေသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိ

ပေကျင်း အောက်တိုဘာ ၂၈

လွန်ခဲ့သော နှစ်ပေါင်း သန်း ၂၃၀ က ပင်လယ်ရေပြင်များအတွင်း ရှင်သန်ကျက်စားခဲ့ကြသော ရေနေသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိထားကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရေပုတ်သင်တစ်ကောင်၏ အရွယ်အစားတမျှရှိသည့် အဆိုပါ ရေနေသက်ရှိသည် ကိုယ်ခန္ဓာအလျား သုံးပေခန့်ရှိ၍ ကိုယ်ခန္ဓာချပ်ပြားပြားပုံစံရှိပြီး အရိုးစူးချွန်များ ဖုံးလွှမ်းထားသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Gerrothorax Maritimus ဟူ၍ အမည်ပေးထားသည်။ အဆိုပါသက်ရှိသည် ဆားငန်ရေဒဏ်ကို ခံနိုင်ရည်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Gerrothorax Maritimus ရေနေသက်ရှိ၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ ကွိကျိုးပြည်နယ် ကျောက်လွှာဒေသတစ်ခုခွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Gerrothorax Maritimus ရေနေသက်ရှိများသည် လွန်ခဲ့သော နှစ်ပေါင်း ၂၃၇ သန်းခန့်ကာလ ထရိုင်အားဆစ်ဘူမိခေတ် နှောင်းပိုင်းတွင် ရှင်သန်ကျက်စားခဲ့ကြသည့် သက်ရှိများဖြစ်ကြကြောင်း သိရသည်။

တရုတ်နိုင်ငံ ကွိကျိုးပြည်နယ်သည် ထရိုင်အားဆစ်ဘူမိခေတ်အတွင်း ပင်လယ်ရေများ ဖုံးလွှမ်းထားသည့် နေရာတစ်ခုဖြစ်ခဲ့သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

နေ့စဉ်လျှောက်လှမ်းသည့် ခြေလှမ်းအရေအတွက်က ဦးနှောက်ကျန်းမာရေးကို ထိန်းသိမ်းပေးနိုင်ပြီး တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းနိုင်ခြေလျှော့ချနိုင်

လန်ဒန် အောက်တိုဘာ ၂၈

နေ့စဉ်လျှောက်လှမ်းသည့် ခြေလှမ်း အရေအတွက်သည် ဦးနှောက်ကျန်းမာရေးကို ထိန်းပေးနိုင်ပြီး တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ကျဆင်းနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၃၀၀၀ ကျော်တို့၏ နေ့စဉ်လျှောက်လှမ်းသော ခြေလှမ်းအရေအတွက်နှင့် ဦးနှောက်ကျန်းမာရေးအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ရက်လျှင် ခြေလှမ်း ၈၈၇၅ လှမ်းထိ လျှောက်လှမ်းသူများသည် တစ်ရက်လျှင် ခြေလှမ်း ၅၀၀၀ ထိသာ လျှောက်လှမ်းသူများနှင့် နှိုင်းယှဉ်ပါက ဦးနှောက်စွမ်းဆောင်ရည်ပို၍ ထက်မြက် နေတတ်ကြောင်း သိရသည်။

အလားတူ တစ်ရက်လျှင် ခြေလှမ်း ၁၀၀၀၀ ကျော်ထိ လှမ်းလျှောက်သူများတွင်လည်း ဦးနှောက်စွမ်းဆောင်ရည် ပိုမိုအားကောင်းနေတတ်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် ဦးနှောက်အတွင်းသို့ သွေးဝင်ရောက်မှုအားကောင်းလာတတ်ရာ လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကျန်းမာရေးကို မြှင့်တင်နိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

Creatine ဖြည့်စွက်ဆေးများက လေ့ကျင့်ခန်းမလုပ်သူများအတွက်လည်း အကျိုးပြု

နယူးယောက် အောက်တိုဘာ ၂၈

ကာယဗလလေ့ကျင့်သူများသုံးစွဲကြသည့် Creatine ဖြည့်စွက်ဆေးများသည် လေ့ကျင့်ခန်းမလုပ်သူများအတွက်လည်း အကျိုးပြုကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ Creatine ဖြည့်စွက်ဆေးများ သုံးစွဲသူ အသက် ၄၅ နှစ်နှင့် ၆၅ ကြားရှိ သူများ၌ အဆီမဲ့ တစ်ရှူးများနှင့် ကြွက်သားများသန်မာမှုတို့ မြင့်တက်လာကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက် ၄၅ နှစ်နှင့် ၆၅ နှစ်ကြားရှိသူများအနေဖြင့် လေ့ကျင့်ခန်းမပြုလုပ်ခဲ့လျှင်ပင် Creatine ဖြည့်စွက်ဆေးများ၏ အကျိုးကျေးဇူးကို ရယူခံစားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၄၅ နှစ်နှင့် ၆၅ နှစ်ကြားရှိသူ ၁၃ ဦးတို့ကို Creatine ဖြည့်စွက်ဆေးများကို ရက်သတ္တ ၁၂ ပတ်ကြာတိုက်ကျွေး၍ ကိုယ်ခန္ဓာဖွဲ့စည်းပုံ၊ သန်မာမှု၊ သွေးအတွင်းပါဝင်နေသော ဇီဝပစ္စည်းများနှင့် ဦးနှောက်စွမ်းဆောင်ရည်တို့ကို တိုင်းတာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ Creatine ဖြည့်စွက်ဆေးများ သောက်သုံးပြီးနောက် စမ်းသပ်မှုတွင် ပါဝင်သူများ၌ အဆီမဲ့တစ်ရှူးများ ပေါ်ထွက်မှု မြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



ချန်ပီယံခါးပတ်ကာကွယ်ပွဲကို ဒဏ်ရာအကြောင်းပြပြီး ရှောင်မပြေးရန် မာနယ်ကပ်ကို ဂျိုရှုအာဗန်သတိပေး

ရန်ကုန် အောက်တိုဘာ ၂၈

UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံမြန်မာဖိုက်တာ ဂျိုရှုအာဗန် ကဂင်း၏ ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်ထိုးသတ်မည့် ပြိုင်ဘက် ပေါ်တူဂီဖိုက်တာ မာနယ်ကပ်ကို ဒဏ်ရာအကြောင်းပြပြီး ရှောင်မပြေးရန် ယနေ့တွင် သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

UFC အဖွဲ့ချုပ်က UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်းချန်ပီယံ ခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ဂျိုရှုအာဗန်နှင့် မာနယ်ကပ်တို့ထိုးသတ်ရန် အတည်ပြု ကြေညာခဲ့ပြီးနောက် မာနယ်ကပ် က "မင်းရဲ့ ခေါင်းသေးသေးလေးကို အကြီးအကျယ် ထိခိုက်အောင် လုပ်ဖို့ငါလာနေပြီ" ဟုဂင်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် စိန်ခေါ်မှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဂျိုရှုအာဗန်ကလည်း ဂင်း၏လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် "မင်းပါးစပ်ကိုပိတ်ထားစမ်းပါ။ ကိုယ်အလေးချိန်ပြည့်အောင် လုပ်ပြီးပွဲကိုလာထိုးစမ်းပါ။ ဒဏ်ရာရထားတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရှောင်ပြေးတာကိုမကြားချင်ဘူး"ဟု ရေးသားပြီး ပြန်လည်တုံ့ပြန်ခဲ့ခြင်း ဖြစ်သည်။

ဂျိုရှုအာဗန်သည် UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကိုပိုင်ဆိုင်ခဲ့ပြီးနောက် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်များအဖြစ် ဂျပန်ဖိုက်တာတိုင်ရာ၊ ချန်ပီယံဟောင်းဘရာဇီးဖိုက်တာ ပန်တိုဂျာတို့ကိုအနိုင်ရပြီး နှစ်ကြိမ်ကာကွယ်ခဲ့သကဲ့သို့ တတိယမြောက် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပမည့် UFC 336 ပြိုင်ပွဲတွင် စိန်ခေါ်သူမာနယ်ကပ်နှင့် ထိုးသတ်ရမည် ဖြစ်ကြောင်း သိရသည်။

STA



ကွန်နာဘင်းက ကော်နာမက်ဂရီဂေါ်နှင့် ထိုးသတ်ရန် ဆွေးနွေးမှုများလုပ်ဆောင်နေ

လန်ဒန် အောက်တိုဘာ ၂၈

ဗြိတိန်လက်ဝှေ့သမား ကွန်နာဘင်းက မြောက်အိုင်ယာလန် လက်ဝှေ့သမား ကော်နာမက်ဂရီဂေါ်နှင့် ထိုးသတ်ရန်ဆွေးနွေးမှုများ လုပ်ဆောင်နေသည်ဟု အတည်ပြုခဲ့ကြောင်း Source of Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွန်နာဘင်းသည် Zuffa Boing အဖွဲ့ချုပ်နှင့် စာချုပ်ချုပ်ဆိုကာ လက်ဝှေ့ပွဲစဉ်များ ထိုးသတ်နေပြီး ယခုအခါတွင်လည်း UFC ဖိုက်တာ ဟောင်း ကော်နာမက်ဂရီဂေါ်နှင့် ထိုးသတ်ရန် ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

ကွန်နာဘင်းက ကော်နာမက်ဂရီဂေါ်နှင့်ထိုးသတ်ရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး မိမိဘက်မှ ထိုးသတ်ရန် အသင့်ရှိနေကြောင်း ဂင်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့ခြင်း ဖြစ်သည်။

ကွန်နာဘင်းသည် ပြီးခဲ့သည့် စက်တင်ဘာလက အမေရိကန် လက်ဝှေ့သမား ဂါစီယာနှင့် ထိုးသတ်ခဲ့ရာ ဒုတိယအချီတွင် အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုအခါ ကော်နာမက်ဂရီဂေါ်နှင့် ထိုးသတ်ရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

ကော်နာမက်ဂရီဂေါ်သည် UFC ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရယူနိုင်ခဲ့သည့် ထိပ်တန်းဖိုက်တာ တစ်ဦးဖြစ်ပြီး နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဇူလိုင်လက အမေရိကန်ဖိုက်တာ ဟော်လိုဝေးနှင့် ထိုးသတ်ခဲ့ရာ ပထမအချီတွင် ဒဏ်ရာရရှိခဲ့ပြီး နောက် ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

Ref : Source of Boxing

Trs : STA

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၈

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်၊ ဒိုင်လူကြီးများ၊ အသက် ၁၂ နှစ်အောက် အမျိုးသမီး၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသမီး၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၆ နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက် အမျိုးသမီး၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်နှင့် အထက် နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အသက် ၆၀ နှစ်နှင့် အထက် နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ ပထမတန်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ကြသည်။

ထို့နောက် အမျိုးသမီးအသင်းလိုက်နှင့် အမျိုးသားအသင်းလိုက် ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရသည့် အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ၊ တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို အားကစားသမားဦးရေ ၄၀၀ ဖြင့် အောက်တိုဘာ ၂၄ ရက်မှ အောက်တိုဘာ ၂၇ ရက်ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

ကွာရာဘောင်းဖလားပြိုင်ပွဲ စတုတ္ထအကျော့တွင် ဖလက်ဝုဒ်အသင်းကိုရှုံးနိမ့်ပြီး အာဆင်နယ်အသင်း ပြိုင်ပွဲမှ ထွက်ခွာခဲ့ရ

လန်ဒန် အောက်တိုဘာ ၂၈

ကွာရာဘောင်းဖလား ပြိုင်ပွဲ စတုတ္ထအကျော့ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အာဆင်နယ်အသင်းနှင့် အင်္ဂလန်လိဂ်-၂ ကလပ် ဖလက်ဝုဒ်အသင်းတို့ကစားခဲ့ရာ အာဆင်နယ်အသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အာဆင်နယ်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့သော်လည်း ဖလက်ဝုဒ်အသင်းက အကောင်းဆုံး ပြန်လည်တုံ့ပြန်ကစားခဲ့ကာ ပွဲချိန် ၂၁ မိနစ်တွင် လူပါလိုဘီက ဖလက်ဝုဒ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ပထမပိုင်းအပြီးတွင် ဖလက်ဝုဒ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် အာဆင်နယ်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးခဲ့ရာ ပွဲချိန် မိနစ် ၅၀ တွင် ဂိုကာရက်စ်က ချေပဂိုးသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပင်နယ်တီအဆုံးအဖြတ်ဆက်လက် ကစားခဲ့ရခြင်း ဖြစ်သည်။

ထို့နောက် ပင်နယ်တီအဆုံးအဖြတ်တွင် ဖလက်ဝုဒ်အသင်းက ငါးကြိမ်လုံးဂိုးဝင်အောင် ကန်သွင်းခဲ့ပြီး အာဆင်နယ်အသင်းမှ ဂူမာရေ့စ်က ပင်နယ်တီလွဲချော်ခဲ့သည့်အတွက် ဖလက်ဝုဒ်အသင်းက အနိုင်ရကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ဖယ်ကွန်အက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကိုယ်စီအနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ဖယ်ကွန်အက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကိုယ်စီအနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တောင်ဒဂုံအားကစားကွင်းတွင် ဖယ်ကွန်အက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ဖယ်ကွန်အက်ဖ်စီအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ဖယ်ကွန်အက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၁ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ဒေယျာဦး၊ ပွဲချိန် မိနစ် ၉၀ တွင် ကောင်းခန့်ကျော်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။



ဆက်လက်ပြီး ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၃ မိနစ်တွင် အောင်မျိုးမင်းက သွင်းယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

ဂျာမနီကုမ္ပဏီက AI သုံး လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် ကြားဖြတ်ဒုံးကျည်သစ်နှစ်မျိုးကို မိတ်ဆက်



ဂျာမနီနိုင်ငံအခြေစိုက် ကာကွယ်ရေးနည်းပညာကုမ္ပဏီ Helsing သည် Contra အမည်ရှိ AI သုံး လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် ကြားဖြတ်ဒုံးကျည်သစ်နှစ်မျိုးကို မိတ်ဆက်ခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်များတွင် ဂျက်အင်ဂျင်သုံး AD-1 Inferno ဒုံးကျည်နှင့် ဒုံးပျံအင်ဂျင်သုံး AD-2 Ambush ဒုံးကျည်တို့ ပါဝင်ပြီး ကုန်ကျစရိတ် သက်သာစွာဖြင့် ဒရုန်းနှင့် ဒုံးကျည်အမြောက်အများကို ကြားဖြတ်ဟန့်တားနိုင်ရန်ဖြစ်သည်။

Helsing ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ Contra လေကြောင်းရန်ကာကွယ်ရေးစနစ်သည် အာရုံခံကိရိယာများမှ ရရှိသည့် အချက်အလက်များနှင့် လက်နက်စနစ်များ၏ အခြေအနေကို ပေါင်းစပ်ကာ ဝေဟင်အခြေအနေကို တစ်စုတစ်စည်း တည်း ဖော်ပြပေးနိုင်သည်။ ထို့ကြောင့် ဒရုန်းနှင့် ဒုံးကျည်အမြောက်အများကို ကြားဖြတ်ဟန့်တားနိုင်ခြင်းဖြစ်သည်။

ဂျင်းစနစ်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သော Altra ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုဆော့ဝဲသည် ပစ်မှတ်အချက်အလက်များကို စုစည်းပေးပြီး မည်သည့်ပစ်မှတ်ကို ဝင်ရောက်လာသော ဒရုန်းနှင့် ဒုံးကျည်အမြောက်အများကို တစ်ပြိုင်နက်တည်း ရှာဖွေဖော်ထုတ်ကာ ကြားဖြတ်တုံ့ပြန်နိုင်ကြောင်း သိရသည်။

ဂျင်းစနစ်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သော Altra ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုဆော့ဝဲသည် ပစ်မှတ်အချက်အလက်များကို စုစည်းပေးပြီး မည်သည့်ပစ်မှတ်ကို ဦးစားပေးတုံ့ပြန်မည်ဆိုသည့် ဆုံးဖြတ်ချက်ကို လူသားအော်ပရေတာက ဆက်လက်ထိန်းချုပ်နိုင်စေရန် စီစဉ်ထားသည်။ ထို့ပြင် ပစ်မှတ်အများအပြား တစ်ပြိုင်နက် ဝင်ရောက်လာသည့်အခါ အခြေအနေကို လျင်မြန်စွာ သုံးသပ်နိုင်ရေးနှင့် ကာကွယ်ရေးလက်နက်များကို ထိရောက်စွာ ခွဲဝေအသုံးပြုနိုင်သည်။

AD-1 Inferno ဒုံးကျည်သည် ဂျက်အင်ဂျင်အသုံးပြုသည့် ကြားဖြတ်ဒုံးကျည်ဖြစ်ပြီး ဝေဟင်တွင် အချိန်တစ်ခုကြာ ပျံဝဲစောင့်ဆိုင်းနိုင်ခြင်း၊ အုပ်စုဖွဲ့ပျံသန်းနိုင်ခြင်းနှင့် ပထမအကြိမ် ကြားဖြတ်တိုက်ခိုက်မှုတွင် ပစ်မှတ်ကို မထိမှန်ပါက ထပ်မံကြိုးပမ်းနိုင်ခြင်းတို့ ပါဝင်ကြောင်း၊ ၎င်းစွမ်းဆောင်ရည်များကြောင့် မြန်နှုန်းမြင့် ဂျက်အင်ဂျင်သုံး ဒရုန်းများကိုတုံ့ပြန်ရန် သင့်လျော်ကြောင်း Helsing ကုမ္ပဏီက ထုတ်ပြန်ထားသည်။

AD-2 Ambush ဒုံးကျည်သည် အစိုင်အခဲ လောင်စာသုံး ဒုံးပျံအင်ဂျင်ကို အသုံးပြုထားပြီး လျင်မြန်စွာ ကြားဖြတ်ဟန့်တားနိုင်သည်။ Helsing ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ AD-2 Ambush ဒုံးကျည်သည် အသံထက် ၂ ဒသမ ၅ ဆခန့် အမြန်နှုန်းဖြင့်ပျံသန်းနိုင်ပြီး အကွာအဝေး ကီလိုမီတာ ၂၀ ကျော်ထိ ရောက်ရှိနိုင်သည်။ ပိုမိုမြင့်မားသောအမြင့်မှ ဝင်ရောက်လာသည့် လေကြောင်းခြိမ်းခြောက်မှုများကိုတုံ့ပြန်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ဒုံးကျည်နှစ်မျိုးစလုံးကို သယ်ဆောင်ရေးနှင့် ပစ်လွှတ်ရေး ကွန်တိန်နာများမှ တစ်ဆင့် ပစ်လွှတ်နိုင်ပြီး ပျံသန်းနေစဉ် လမ်းကြောင်းပြင်ဆင်ရန် မြေပြင်ရေဒါစခန်းများမှ အချက်အလက်များကို လက်ခံရယူနိုင်သည်။ ပစ်မှတ်နှင့် နီးကပ်လာသည့် နောက်ဆုံးအဆင့်တွင် ကိုယ်ပိုင်ရေဒါအာရုံခံကိရိယာကို အသုံးပြု၍ ပစ်မှတ်ကို လိုက်လံရှာဖွေနိုင်သဖြင့် ညအချိန်နှင့် ရာသီဥတုဆိုးရွားသည့် အခြေအနေများတွင် အသုံးပြုနိုင်သည်။

Contra စနစ်၏ နောက်ထပ်အားသာချက်တစ်ခုအဖြစ် အခြားကုမ္ပဏီများ၏ ကြားဖြတ်ဒုံးကျည်များ၊ ဒရုန်းတားဆီးရေးလေဆာစနစ်များ၊ အမြောက်လက်နက်များနှင့် ပိုက်ကွန်အသုံးပြု ဖမ်းဆီးသည့် စနစ်များကိုလည်း ပေါင်းစပ်အသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားကြောင်း Helsing ကုမ္ပဏီက ထုတ်ပြန်ထားသည်။

Helsing ကုမ္ပဏီသည် ကြားဖြတ်ဒုံးကျည်များကို ၎င်း၏ Resilience Factories စက်ရုံများတွင် အမြောက်အမြားထုတ်လုပ်သွားရန် စီစဉ်ထားပြီး လက်ရှိအသုံးပြုနေသော ကြားဖြတ်ဒုံးကျည်များထက် ကုန်ကျစရိတ် သိသိသာသာ သက်သာမည်ဖြစ်ကြောင်း သိရသည်။

German firm develops low-cost interceptor to stop mass drone attacks ကို ဘာသာပြန်ဆိုထားပါသည်။

Castelion ကုမ္ပဏီက F-16 တိုက်လေယာဉ်တွင် ဟိုက်ပါဆောနစ်ဒုံးကျည် တပ်ဆင်အသုံးပြုနိုင်ရေးစာချုပ်ကို ပြင်ဆင်ခွင့်ရရှိခဲ့



အမေရိကန်နိုင်ငံအခြေစိုက် Castelion ကုမ္ပဏီသည် ၎င်း၏ Blackbeard အမည်ရှိ ဟိုက်ပါဆောနစ်ဒုံးကျည်ကို F-16 တိုက်လေယာဉ်တွင် တပ်ဆင်အသုံးပြုနိုင်ရေး အမေရိကန်လေတပ်သုတေသနဓာတ်ခွဲခန်း(Air Force Research Laboratory – AFRL) နှင့် ချုပ်ဆိုထားသည့် စာချုပ်ကို ပြင်ဆင်ခွင့်ရရှိခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဆောင်ရွက်ချက်သည် အမေရိကန်ရေတပ်နှင့် ကြည်းတပ်တို့အတွက် အလားတူ လက်နက်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် Blackbeard ဒုံးကျည်ကို အမေရိကန်လေတပ်တွင် အသုံးပြုနိုင်ရေးအတွက် ရှေ့တစ်ဆင့်တိုးလာခြင်းဖြစ်သည်။

Castelion ကုမ္ပဏီသည် စာချုပ်ပြင်ဆင်မှု၏ တန်ဖိုး၊ F-16 တိုက်လေယာဉ်နှင့် ပေါင်းစပ်တပ်ဆင်ရေးလုပ်ငန်းများ ကြာမြင့်မည့်ကာလနှင့် ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်မည့်အချိန်တို့ကို ထုတ်ပြန်ခြင်းမရှိသေးပေ။ အမေရိကန်လေတပ်ဘက်ကလည်း ၎င်းစာချုပ်ဆိုင်ရာ ကိစ္စရပ်အပေါ် တရားဝင်မှတ်ချက်ပြုခြင်း မရှိသေးကြောင်း သိရသည်။

Blackbeard ဒုံးကျည်သည် ကမ္ဘာ့လေထုအတွင်းပျံသန်းနေစဉ် လမ်းကြောင်းပြောင်းလဲရွှေ့လျားနိုင်ပြီး အသံထက် ငါးဆကျော် (Mach 5) မြန်နှုန်းဖြင့် ပျံသန်းနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသည့် ဟိုက်ပါဆောနစ်ဒုံးကျည်ဖြစ်သည်။ ပျံသန်းရာလမ်းကြောင်းကို ကြိုတင်ခန့်မှန်းရလွယ်ကူသည့် ပဲ့ထိန်းဒုံးကျည်များနှင့်နှိုင်းယှဉ်ပါက လေထုအတွင်း လမ်းကြောင်းပြောင်းလဲနိုင်သော မြန်နှုန်းမြင့်လက်နက်များကို ကြားဖြတ်ဟန့်တားရန် ပိုမိုခက်ခဲနိုင်သည်။ ထို့ကြောင့် Castelion ကုမ္ပဏီသည် ၎င်းဒုံးကျည်ကို ကုန်ကျစရိတ်သက်သာစွာဖြင့် အရေအတွက်များစွာ ထုတ်လုပ်နိုင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိသည်။

Blackbeard ဒုံးကျည်ကို F-16 တိုက်လေယာဉ်တွင် တပ်ဆင်နိုင်ပါက F/A-18E/F Super Hornet ထက် နိုင်ငံအများအပြားတွင် ပိုမိုကျယ်ပြန့်စွာ အသုံးပြုနေသည့် လေယာဉ်ပလက်ဖောင်းတစ်ခုမှ တစ်ဆင့် ပစ်လွှတ်အသုံးပြုနိုင်မည်ဖြစ်သည်။ F-16သည် အမေရိကန်လေတပ်တွင် အရေအတွက်အများဆုံး အသုံးပြုနေသည့် တိုက်လေယာဉ်ဖြစ်သကဲ့သို့ အခြားနိုင်ငံ ၂၀ ကျော်၏ လေတပ်များတွင်လည်း အသုံးပြုလျက်ရှိသည်။

သို့သော် ယခုဆောင်ရွက်မည့် ပေါင်းစပ်တပ်ဆင်ရေးလုပ်ငန်းတွင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသည့် F-16 မူကွဲများပါဝင်ခြင်းရှိ၊ မရှိကို Castelion ကုမ္ပဏီက ထုတ်ပြန်ထားခြင်းမရှိပေ။ ထို့ပြင် F-16 မှတစ်ဆင့် Blackbeard ဒုံးကျည်ကို ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်မည့် အချိန်နှင့် လက်တွေ့အသုံးပြုနိုင်မည့် အချိန်ဇယားတို့ကိုလည်း မသိရှိရသေးပေ။

လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုများအရ အမေရိကန်သည် ဟိုက်ပါဆောနစ် လက်နက်များကို တိုက်လေယာဉ်များနှင့် မြေပြင်စစ်လွှတ်စနစ်များတွင် ပေါင်းစပ်အသုံးပြုနိုင်ရေးကို တစ်ပြိုင်နက်တည်း ကြိုးပမ်းလျက်ရှိသည်။ Blackbeard ဒုံးကျည်ကို F-16နှင့် ပေါင်းစပ်နိုင်ရေးသည် အောင်မြင်ပါက လက်နက်အသုံးပြုနိုင်သည့် ပလက်ဖောင်းအမျိုးအစားနှင့် အရေအတွက်ကို တိုးချဲ့နိုင်မည့် အလားအလာရှိသော်လည်း လက်တွေ့စမ်းသပ်မှုရလဒ်များနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်ရန် လိုအပ်ကြောင်း သိရသည်။

U.S. Air Force F-16 fighter jet to get hypersonic missile ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

လျှာကပြောနေတဲ့ ခန္ဓာကိုယ်ရဲ့သတိပေးစကား

မန္တလာဆရာမျိုး

လျှာဟာ စားသောက်ရာမှာ အရသာခံဖို့၊ အစာကို လှုပ်ရှားပေးဖို့၊ စကားပြောရာမှာ အသံထွက်ကောင်းဖို့ အရေးကြီးတဲ့ အင်္ဂါတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ လျှာဟာ အဲဒီအလုပ်တွေအတွက်ပဲ အသုံးဝင်တာမဟုတ်ပါဘူး။ တစ်ခါတစ်ရံ လျှာပေါ်မှာဖြစ်လာတဲ့ အရောင်ပြောင်းတာ၊ အဖတ်တက်တာ၊ အနာဖြစ်တာနဲ့ ပူလောင်နာကျင်ခြင်း၊ ဖောင်းခြင်းတို့က ခန္ဓာကိုယ်အတွင်းမှာ ဖြစ်နေတဲ့ကျန်းမာရေးပြဿနာတချို့ကို သဲလွန်စပေးနိုင်ပါတယ်။ လူတော်တော်များများက လျှာပေါ်မှာ အဖြူဖတ်တက်လာရင် "အပူများလို့ပါ"၊ လျှာနာရင် "အစားအစာပူလို့ပါ"၊ လျှာနီလာရင် "Vitamin နည်းလို့ပါ"ဆိုပြီး အလွယ်တကူသတ်မှတ်တတ်ကြတယ်။ တကယ်တော့ လျှာမှာဖြစ်တဲ့ အပြောင်းအလဲတိုင်းက ရောဂါကြီးတစ်ခုကို မဆိုလိုသလို လျှာကြည့်ရုံနဲ့လဲ ခန္ဓာကိုယ်ရောဂါအားလုံးကို သိနိုင်တာမဟုတ်ပါဘူး။ ဒါပေမဲ့ လျှာပေါ်က အပြောင်းအလဲတချို့ဟာ သတိထားသင့်တဲ့ လက္ခဏာတွေဖြစ်နိုင်တယ်။

လျှာပေါ်မှာ အဖြူရောင်အဖတ်တက်တာဟာ မနက်အိပ်ရာထချိန်၊ ပါးစပ်ခြောက်တာ၊ ရေသောက်နည်းတာ၊ ပါးစပ်သန့်ရှင်းမှုနည်းတာတို့နဲ့ ဆက်စပ်နိုင်တယ်။ လျှာမျက်နှာပြင်ပေါ်က ဆဲလ်ဟောင်းတွေ၊ ဘက်တီးရီးယားနဲ့ အစားအစာအကြွင်းအကျန်တွေ စုပုံပြီး အဖြူဖတ်တွေဖြစ်တယ်။ ဒီလိုအဖတ်ဟာ လျှာသန့်ရှင်းပေးလိုက်တာနဲ့ လျော့လာနိုင်တယ်။ ဒါပေမဲ့ အဖြူရောင်အဖတ်တွေ ဖယ်လိုက်ရင် လျှာက အနီရောင်ဖြစ်ကာနာနေတတ်တယ်။ ပါးစပ်ပူလောင်နာကျင်တယ်ဆိုရင် Oral Thrush လို့ခေါ်တဲ့ မှိုပိုး ကူးစက်မှုကို စဉ်းစားရနိုင်တယ်။ Oral Thrush ဟာ Candida ဆိုတဲ့ မှိုကြောင့် ဖြစ်တတ်ပြီး ပဋိဇီဝဆေးကို ကြာကြာသောက်ထားသူ၊ Steroid Inhaler အသုံးပြုသူ၊ ဆီးချိုမထိန်းနိုင်သူ၊ ကိုယ်ခံအားနည်းသူနဲ့ အသက်ကြီးသူတချို့မှာ ပိုတွေ့နိုင်တယ်။

နောက်တစ်ခုက လျှာနီလာခြင်းဖြစ်ပါတယ်။ ပုံမှန်လျှာဟာ ပန်းရောင်သန်းနေတတ်တယ်။ လျှာဟာ အလွန်နီလာပြီး ချောမွေ့နေသလို၊ လျှာမျက်နှာပြင်က အဖုသေးသေးလေးတွေ လျော့နည်းလာရင် အာဟာရချို့တဲ့မှုတချို့ကို စဉ်းစားရနိုင်တယ်။ အထူးသဖြင့် Vitamin B12၊ Folate၊ Iron Deficiency တို့နဲ့ ဆက်စပ်နိုင်တယ်။ လျှာနီပြီး နာတာ၊ စားတဲ့အခါ ပူတာစပ်တာ၊ အားနည်းတာ၊ ပင်ပန်းတာ၊ မူးတာ၊ အသက်ရှူမဝသလိုဖြစ်တာနဲ့တွဲလာရင် သွေးအားနည်းတာ သို့မဟုတ် အာဟာရချို့တဲ့မှု ရှိ၊ မရှိ စစ်ဆေးဖို့လိုပါတယ်။ ဒါပေမဲ့ လျှာနီတာကို မြင်တာနဲ့ Vitamin ဆေးမျိုးစုံဝယ်သောက်တာ မလုပ်သင့်ပါ။ မစစ်ဆေးဘဲ ဆေးသောက်ရင် အကြောင်းရင်းမှန်ကို မသိနိုင်ပါ။

လျှာချောလာတာကိုလဲ သတိထားသင့်ပါတယ်။ ပုံမှန်လျှာမျက်နှာပြင်မှာ အဖုသေးသေးလေးတွေ ရှိတတ်တယ်။ ဒီအဖုတွေလျော့ပြီး လျှာမျက်နှာပြင် ချောပြောင်သလိုဖြစ်လာတာကို Atrophic Glossitis လို့ခေါ်နိုင်တယ်။ အာဟာရချို့တဲ့မှုတချို့နဲ့ ဆက်စပ်နိုင်သလို အခြားအခြေအနေတွေကြောင့်လဲ ဖြစ်နိုင်တယ်။

အချို့သူတွေမှာ လျှာပေါ်မှာ မြေပုံလို အနီကွက်တွေ ပေါ်လာတတ်တယ်။ အနီကွက်တွေဟာ တစ်နေရာကနေ တစ်နေရာ ရွှေ့သလိုဖြစ်ပြီး အနီကွက်ပတ်လည်မှာ အဖြူရောင်တွေ့ရနိုင်တယ်။ ဒါကို Geographic Tongue လို့ခေါ်တယ်။ အများအားဖြင့် အန္တရာယ်မကြီးဘဲ တစ်ခါတစ်ရံ ပူစပ်တဲ့အစားအစာစားတဲ့အခါ ပိုမိုနာကျင်နိုင်တယ်။

နောက်ထပ် လူအများကြုံရတာက လျှာအနာဖြစ်တာဖြစ်တယ်။ လျှာကို ကိုက်မိတာ၊ အံသွားထက်နေတာ၊ သွားအတုမကိုက်ညီတာ၊ အစားအစာပူလွန်းတာတို့ကြောင့် လျှာမှာ အနာဖြစ်နိုင်တယ်။ ဒီလို အနာတွေက အများအားဖြင့် ရက်အနည်းငယ်မှ နှစ်ပတ်အတွင်း သက်သာလာတတ်တယ်။ Canker Sore လို့ခေါ်တဲ့ Aphthous Ulcer တွေလည်း ပါးစပ်



နဲ့လျှာမှာဖြစ်တတ်ပြီး နာကျင်တတ်တယ်။ တချို့မှာ စိတ်ဖိစီးတာ၊ အိပ်ရေးမဝတာ၊ အာဟာရချို့တဲ့တာ တချို့နဲ့ ဆက်စပ်နိုင်တယ်။ ဒါပေမဲ့ လျှာအနာကို သတိထားရမဲ့ အရေးကြီးတဲ့အချက်က နှစ်ပတ်ကျော်ထိ မပျောက်ဘဲ အနာက ကြီးလာတယ်။ သွေးထွက်တယ်။ အနာတစ်ဝိုက် တင်းမာနေတယ်။ လျှာတစ်ဖက်မှာ အဖုတစ်ခုထင်လာတယ်။ စားရခက်လာတယ်။ မျိုရခက်လာတယ်။ နားဘက်ကို နာကျင်မှုဆက်သွားတယ်ဆိုရင် Oral Cancer (ပါးစပ်ကင်ဆာ) အပါအဝင် အရေးကြီးတဲ့အကြောင်းရင်းတွေကို စစ်ဆေးဖို့လိုပါတယ်။

အထူးသဖြင့် ဆေးလိပ်သောက်သူ၊ ကွမ်းစားသူ၊ ဆေးရွက်ကြီးအသုံးပြုသူ၊ အရက်အလွန်အကျွံသောက်သူတွေမှာ ပိုဂရုစိုက်သင့်တယ်။ လျှာကင်ဆာဟာ အစောပိုင်းမှာ နာကျင်မှုမရှိဘဲ ဖြစ်နေနိုင်တယ်။ ဒါကြောင့် "မနာလို့ အန္တရာယ်မရှိဘူး"လို့ မယူဆသင့်ပါ။ လျှာတစ်ဖက်မှာ အဖြူရောင်ပြားတစ်ခုပေါ်နေပြီး မဖယ်နိုင်ဘူးဆိုရင်လည်း သတိထားသင့်တယ်။ ဒီလိုအခြေအနေတချို့ကို Leukoplakia လို့ခေါ်ပြီး အကြောင်းရင်းအမျိုးမျိုးရှိနိုင်တယ်။ အားလုံးက ကင်ဆာမဟုတ်ပေမဲ့ ကင်ဆာမဖြစ်ခင် ပြောင်းလဲမှုတွေရှိနိုင်တာကြောင့် စစ်ဆေးဖို့လိုနိုင်တယ်။ အနီရောင်နဲ့ အဖြူရောင်ရောနေတာ၊ အနာဖြစ်နေတာ၊ တင်းမာနေတာတို့ရှိရင် ပိုဂရုစိုက်သင့်တယ်။

လျှာပူလောင်တာ Burning Tongue ကိုလဲ လူအများကြုံရတတ်တယ်။ လျှာက မီးလောင်သလို၊ ပူစပ်နေသလို ခံစားရပေမဲ့ ကြည့်လိုက်ရင် အနာမတွေ့တာမျိုးဖြစ်နိုင်တယ်။ အကြောင်းရင်းအမျိုးမျိုးရှိနိုင်တယ်။ ပါးစပ်ခြောက်တာ၊ အာဟာရချို့တဲ့တာ၊ ဆီးချိုရောဂါဖြစ်တာ၊ မှိုပိုးကူးစက်တာ၊ ဆေးဝါးတချို့ အက်စစ်ပြန်တက်တာနဲ့ အခြားအကြောင်းရင်းများကို စဉ်းစားရနိုင်တယ်။ အချို့လူတွေမှာ အကြောင်းရင်းရှင်းမတွေ့ဘဲ Burning Mouth Syndrome လို့ခေါ်တဲ့ နာကျင်မှုဆိုင်ရာ အခြေအနေဖြစ်နိုင်တယ်။ ဒါကြောင့် လျှာပူလောင် နာကျင်တာကြာရှည်နေမယ်ဆိုရင် အစားပူလို့ပဲဆိုပြီး မထားသင့်ပါဘူး။

နောက်တစ်ခုက လျှာဖောင်းတာဖြစ်တယ်။ လျှာနည်းနည်းဖောင်းတာဟာ အကြောင်းရင်း အမျိုးမျိုးကြောင့် ဖြစ်နိုင်ပေမဲ့ လျှာဟာ ရုတ်တရက် အလွန်ဖောင်းလာပြီး အသက်ရှူရခက်တယ်။ လည်ချောင်းတင်းတယ်။ မျိုရခက်တယ်ဆိုရင် Allergy Reaction တစ်ခုဖြစ်နိုင်ပြီး အရေးပေါ် အခြေအနေဖြစ်လာနိုင်တယ်။ ဒီလိုအခြေအနေမှာ အချိန်မဆွဲဘဲ အရေးပေါ်ဆေးကုသမှုလိုတယ်။

လျှာကြီးလာတာ Macroglossia ကတော့ ရုတ်တရက်ဖောင်းတာနဲ့ မတူပါဘူး။ လူတချို့မှာ မွေးရာပါဖြစ်နိုင်သလို Hypothyroidism နဲ့ အခြားရှားပါးအခြေအနေတချို့မှာလဲ တွေ့နိုင်တယ်။

နောက်ထပ် လျှာအရောင်ပြောင်းတာဖြစ်တယ်။ လျှာဟာ တစ်ခါတစ်ရံ အညိုရောင်၊ အနက်ရောင်လို ဖြစ်လာနိုင်တယ်။ "Black Hairy Tongue"လို့ခေါ်တဲ့ အခြေအနေမှာ လျှာပေါ်က Papillae တွေ ရှည်လာပြီး ဘက်တီးရီးယား၊ အစားအစာအရောင်နဲ့ အခြားပစ္စည်းတွေကပ်နေတဲ့အတွက် အနက်ရောင် သို့မဟုတ် အညိုရောင်လို တွေ့နိုင်တယ်။

လျှာနဲ့ ပါးစပ်ခြောက်တာက ဆက်စပ်စဉ်းစားသင့်တယ်။ ပါးစပ်ခြောက်တဲ့အခါ လျှာက ပူတာ၊ စပ်တာ၊ အရသာပြောင်းတာ၊ စကားပြောရခက်တာတွေ ဖြစ်နိုင်တယ်။ ရေသောက်နည်းလို့ ခဏတာ ပါးစပ်ခြောက်နိုင်သလို ဆေးဝါးတချို့၊ ဆီးချို၊ အိပ်နေစဉ် ပါးစပ်နဲ့အသက်ရှူတာ၊ တံတွေးဂလင်းဆိုင်ရာပြဿနာနဲ့ Autoimmune Disease တချို့ကြောင့်လဲ ပါးစပ်ခြောက်နိုင်တယ်။ ပါးစပ်ခြောက်တာကို ကြာရှည်ထားမယ်ဆိုရင် သွားပိုးစားတာနဲ့ ပါးစပ်ပိုးဝင်တာတွေ ပိုဖြစ်နိုင်ပါတယ်။

လျှာအရသာပြောင်းတာကိုလဲ လူအများ စိတ်ဝင်စားကြတယ်။ စားသမျှ အရသာမရှိတော့တာ၊ သတ္တုအရသာလို ခံစားရတာ၊ ခါးနေသလိုဖြစ်တာတွေက အချို့ဆေးဝါးတွေ၊ ပိုးဝင်တာတွေ၊ အာရုံကြောဆိုင်ရာပြဿနာတွေနဲ့ အခြားအကြောင်းရင်းတွေကြောင့် ဖြစ်နိုင်တယ်။

အနုံ့ခံနိုင်စွမ်းလျော့လာတာကလဲ အရသာခံစားမှုကို သိသိသာသာပြောင်းစေနိုင်တယ်။ လူအများက အရသာအားလုံး လျှာကပဲ ခံစားတယ်လို့ ထင်တတ်ကြပေမဲ့ အစားအစာအရသာကို အပြည့်အဝခံစားဖို့ နှာခေါင်းရဲ့ အနုံ့ခံစနစ်ကလဲ အလွန်အရေးကြီးတယ်။

နောက်ထပ် လျှာပေါ်က အက်ကြောင်းတွေပါ။ အချို့လူတွေမှာ Fissured Tongue လို့ခေါ်တဲ့ လျှာမျက်နှာပြင်ပေါ် အက်ကြောင်းတွေ ရှိတတ်တယ်။ အများအားဖြင့် အန္တရာယ်မရှိဘဲ ရောဂါတစ်ခုလို့ မဆိုနိုင်ပါ။ ဒါပေမဲ့ အက်ကြောင်းထဲ အစားအစာအကြွင်းအကျန်နဲ့ ဘက်တီးရီးယားတွေ စုပုံမနေအောင် လျှာသန့်ရှင်းမှုကို ဂရုစိုက်သင့်တယ်။

လျှာကျန်းမာရေးအတွက် ပါးစပ်သန့်ရှင်းရေးကောင်းအောင် ထိန်းသိမ်းသင့်တယ်။ သွားတိုက်တဲ့အခါ လျှာမျက်နှာပြင်ကိုလဲ ဖြည်းညင်းစွာသန့်ရှင်းနိုင်တယ်။ အလွန်အမင်းအားသုံးပြီး လျှာကိုခြစ်တာမျိုးမလုပ်သင့်ပါ။ ရေကို သင့်တင့်စွာသောက်ပါ။ ဆေးလိပ်၊ ကွမ်း၊ ဆေးရွက်ကြီးနဲ့ အရက်အလွန်အကျွံသောက်တာကို ရှောင်သင့်တယ်။ အာဟာရမျှတစွာ စားပြီး Vitamin ဆေးတွေကို လိုအပ်ချက်မရှိဘဲ ကိုယ့်ဘာသာ အလွန်အကျွံသောက်တာကို ရှောင်သင့်တယ်။

အထူးသဖြင့် နှစ်ပတ်ကျော်မပျောက်တဲ့ ပါးစပ်သို့မဟုတ် လျှာအနာ၊ မဖယ်တဲ့အဖြူရောင်အဖတ် သို့မဟုတ် အနီရောင်အကွက်၊ လျှာပေါ် အဖု၊ အနာတင်မာလာတာ၊ မျိုရခက်တာ၊ စကားပြောရာမှာ ပြောင်းလဲလာတာ သို့မဟုတ် လည်ပင်းအကျိတ်ပေါ်လာတာရှိပါက ဆရာဝန် သို့မဟုတ် သွားနှင့်ခံတွင်းဆိုင်ရာကျန်းမာရေးပညာရှင်ကို ပြသသင့်တယ်။

လျှာဟာ အရသာခံဖို့အတွက်သာ မဟုတ်ပါ။ တစ်ခါတစ်ရံ ခန္ဓာကိုယ်အတွင်းမှာဖြစ်နေတဲ့ အပြောင်းအလဲတွေကို သဲလွန်စပေးနိုင်တဲ့ အစိတ်အပိုင်းတစ်ခုလဲဖြစ်တယ်။ လျှာပေါ် အဖြူဖတ်တက်တာဟာ ပါးစပ်သန့်ရှင်းမှုနည်းလို့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ တစ်ခါတစ်ရံမှိုပိုးကူးစက်မှု ဖြစ်နိုင်တယ်။ လျှာနီပြီး ချောလာတာဟာ ရိုးရိုးအစားအစာကြောင့် ဖြစ်နိုင်သလို အာဟာရချို့တဲ့မှုနဲ့လဲ ဆက်စပ်နိုင်တယ်။ လျှာအနာဟာ ကိုက်မိလို့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ နှစ်ပတ်ကျော်မပျောက်ဘူးဆိုရင် ပေါ့ပေါ့ဆဆမထားသင့်ပါ။ လျှာပူလောင်တာဟာ အစားပူလို့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကြာရှည်နေတယ်ဆိုရင် အခြားအကြောင်းရင်းတွေကို စဉ်းစားဖို့လိုတယ်။ လျှာရုတ်တရက်ဖောင်းပြီး အသက်ရှူရခက်တာကတော့ ခန္ဓာကိုယ်ကပေးနေတဲ့ အရေးပေါ်သတိပေးချက်ဖြစ်နိုင်တယ်။

ဒါကြောင့် နေ့တိုင်းသွားတိုက်တဲ့အခါ သွားတွေကိုပဲ မကြည့်ပါနဲ့။ လျှာကိုလဲ တစ်ချက်ကြည့်ပါ။ အရောင်ပြောင်းနေသလား။ အနာရှိသလား။ အဖြူရောင် သို့မဟုတ် အနီရောင်အကွက်အသစ် ပေါ်နေသလား။ အဖုဖြစ်နေသလား။ နှစ်ပတ်ကျော်ထိ မပျောက်တဲ့ အပြောင်းအလဲတစ်ခုရှိနေသလား။ ခန္ဓာကိုယ်က စကားမပြောတတ်ပေမဲ့ လျှာမှာဖြစ်တဲ့ လက္ခဏာတွေနဲ့ ပြောတတ်တယ်။ တစ်ခါတစ်ရံ လက်ချောင်းတွေကပြောတယ်။ တစ်ခါတစ်ရံ ခြေထောက်နဲ့ မျက်လုံးတွေက ပြောတယ်။ တစ်ခါတစ်ရံမှာတော့ လျှာကပဲ ခန္ဓာကိုယ်ရဲ့သတိပေးစကားကို အရင်ဆုံးပြောပြနေတတ်ပါတယ်။

ဆုတောင်းရုပ်သံဇာတ်လမ်းတွဲကို CANAL+ ZAT LENN Channel မှ အောက်တိုဘာ ၃၁ ရက်မှစတင်ထုတ်လွှင့်သွားမည်ဖြစ်



ရန်ကုန် အောက်တိုဘာ ၂၈

ဆုတောင်း ရုပ်သံဇာတ်လမ်းတွဲကို CANAL+ ZAT LENN Channel မှ အောက်တိုဘာ ၃၁ ရက်မှ စတင်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း ဒါရိုက်တာ ဝင်းထွဋ်ဦးက ထံမှ သိရသည်။

အဆိုပါ ဆုတောင်း ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို သူရဿဝါက ရေးသားထားပြီး ဒါရိုက်တာ ဝင်းထွဋ်ဦးက တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ကျေးလက်ရွာသူ၊ ရွာသားတွေရဲ့ ရိုးသားမှု၊ အယူအဆအလွဲတွေကနေဖြစ်ပေါ်လာတဲ့ သဘာဝ ဟာသတွေနဲ့ တစ်ယောက်ထားရှိကြတဲ့ သံယောဇဉ်တွေကို ရှုထောင့်ပေါင်းစုံကနေ ပေါ့ပေါ့ပါးပါး ပုံဖော်ပြသထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ဆုတောင်းဇာတ်လမ်းတွဲကို CANAL+ ZAT LENN Channel ကနေ ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဝင်းထွဋ်ဦးက ပြောပြသည်။

အဆိုပါ ဆုတောင်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဝေယံလင်း၊ ဘုန်းရှိန်ခန့်၊ စိုပြေမြင့်၊ ကောင်းစစ်သွေး၊ မင်းဇေ၊ လပြည့်၊ ဖြိုးရာဇနိုင်၊ စောမင်းယျာ၊ ဆောင်းဝတ်ရည်မေ၊ ဟန်နလာ၊ ဈေးဈေးစျာန်၊ နန့်ချစ်နဒီဇော်၊ ဆုစန္ဒီယွန်း၊ မိုးမခမေ၊ သျှား၊ အိမ့်ကြည်ဖြူ၊ လဝန်းသစ် နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

The Burnout ဟာသအက်ရှင်ဇာတ်ကားကို ဒါရိုက်တာ တီမိုဂျာဂျန်တိုက တာဝန်ယူရိုက်ကူးမည်

နယူးယောက် အောက်တိုဘာ ၂၈

Miramax ရုပ်ရှင်ကုမ္ပဏီ၏ The Burnout အမည်ရှိ ဟာသအက်ရှင်ဇာတ်ကားကို ဒါရိုက်တာ တီမိုဂျာဂျန်တိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ တီမိုဂျာဂျန်တိုသည် မကြာသေးမီကာလကမှ The Beekeeper-2 ဇာတ်ကားကို ရိုက်ကူးပေးထားသူ ဖြစ်ကြောင်း သိရသည်။

The Burnout ဇာတ်ကားသည် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်နေသည့် စီအိုင်အေထောက်လှမ်းရေးသမားတစ်ဦး မမျှော်လင့်ဘဲ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Burnout ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ တွမ်အိုကွန်နာက တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် The Burnout ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်သရုပ်ဆောင်များကို Miramax ရုပ်ရှင်ကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




တေးရေး စိုင်းခမ်းလိတ်၏ ဂန္ဓဝင်တေးသီချင်းများကို ခံစားနားဆင်နိုင်မည့် နှလုံးသားပုံရိပ်များ ဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ကွင်း၌ ပြုလုပ်မည်

ရန်ကုန် အောက်တိုဘာ ၂၈

တေးရေး စိုင်းခမ်းလိတ်၏ ဂန္ဓဝင်တေးသီချင်းများကို ခံစားနားဆင်နိုင်မည့် နှလုံးသားပုံရိပ်များ ဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ကွင်း (Hexagon Complex) ၌ နိုဝင်ဘာ ၂၈ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် အောင်ထက်ထံမှ သိရသည်။

အဆိုပါ နှလုံးသားပုံရိပ်များ ဂီတဖျော်ဖြေပွဲတွင် တေးရေး စိုင်းခမ်းလိတ်၏ ဂန္ဓဝင်တေးသီချင်းများကို တေးသံရှင် ရင်ဂို၊ မျိုးကျော့မြိုင်၊ အောင်ထက်၊ မေဆွို၊ ဟေမာနေဝင်း၊ အိုင်းရင်း ဇင်မာမြင့်၊ နီနီခင်ဇော်တို့က သီဆို ဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Music Director ဓီရာမိုရ်၏ Music City တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။



"မြန်မာ့ဂီတလောကမှာ ခေတ်တစ်ခေတ်ကို ပုံဖော်ပေးခဲ့ပြီး ရင်ထဲမှာ ဒီနေ့ထိတိုင် ရှင်သန်နေဆဲဖြစ်တဲ့ ဆရာစိုင်းခမ်းလိတ်ရဲ့ တေးသီချင်းတွေကို နှလုံးသားပုံရိပ်များ ဂီတဖျော်ဖြေပွဲမှာ ကျွန်တော်နဲ့ ဂီတမောင်နှမတွေက အကောင်းဆုံး ဂုဏ်ပြုသီဆိုဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။ တစ်ချိန်က ကိုယ်နားထောင်ခဲ့ဖူးတဲ့သီချင်းတွေကို ပြန်လည်ခံစားပြီး အတိတ်က အမှတ်တရတွေကို ပြန်လည်ဖော်ထုတ်ရင်း ဆရာစိုင်းခမ်းလိတ်ရဲ့ ဂီတအမွေအနှစ်တွေကို အတူတူ ဂုဏ်ပြုနိုင်မဲ့ အထူးညတစ်ည ဖြစ်လာမှာပါ။ ဆရာစိုင်းခမ်းလိတ်ရဲ့တေးသီချင်းတွေနဲ့အတူ အမှတ်တရတွေကို သိမ်းဆည်းထားလိုသူတိုင်း နှလုံးသားပုံရိပ်များ ဂီတဖျော်ဖြေပွဲမှာ မဖြစ်မနေ လာရောက်ခံစားဖို့ ဖိတ်ခေါ်ပါရစေ" ဟု တေးသံရှင် အောင်ထက်က ပြောပြ၍ သိရသည်။

ASH

The Journeyman လျှို့ဝှက်သည်းဖိဇာတ်ကား၌ မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂျာ ပါဝင်မည်ဖြစ်

နယူးယောက် အောက်တိုဘာ ၂၈

AGC Studios ၏ The Journeyman အမည်ရှိ လျှို့ဝှက်သည်းဖို မူခင်းဇာတ်ကား၌ မင်းသား ပက်ထရစ်ရှဝါဇင်နာဂျာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

The Journeyman ဇာတ်ကားတွင် မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂျာနှင့်အတူ မင်းသမီး လက်စလီ ဂရေ့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

The Journeyman ဇာတ်ကားကို ဒါရိုက်တာ အိန်ဂျယ်မင်နျူရယ် ဆိုတိုက တာဝန်ယူရိုက်ကူးမည် ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို The Roberts ဇနီးမောင်နှံက ရေးသားပေးထားသည်။

The Journeyman ဇာတ်ကားကို ယခုနှစ် နိုဝင်ဘာလကုန်ပိုင်းတွင် ပွာတိုရီကိုနိုင်ငံ စန်ဂျူအန်မြို့တော်၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Journeyman ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို AGC Studios က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



ZLAN Application က ရိုက်ကူးထုတ်လွှင့်မည့် ရောဘူးငါးဝါဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်

ရန်ကုန် အောက်တိုဘာ ၂၈

ZLAN Application က ZLAN Original Series အဖြစ် ရိုက်ကူးထုတ်လွှင့်မည့် ရောဘူးငါးဝါ ဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို အောက်တိုဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Studio Canvas တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရောဘူးငါးဝါ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကောင်းမြတ်သူကျော်က ရေးသားထားခြင်းဖြစ်ပြီး ကောင်းမြတ်သူကျော်ကပင် ဒါရိုက်တာအဖြစ် ZLAN Application အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ငါးဝါလေးတစ်ကောင်နဲ့ ရောဘူးလေးတစ်ဘူးကနေ စတင်ခဲ့တဲ့ လူနှစ်ယောက်ရဲ့ အမှတ်တရ ဇာတ်လမ်းလေး ဖြစ်ပါတယ်။ မြို့ပြရဲ့ ရပ်ကွက်လေးတစ်ခုမှာ သာမန်နေ့စဉ်ဘဝတွေကို ဖြတ်သန်းနေကြတဲ့ လူငယ်နှစ်ယောက်ကြားက အမှတ်တရလေးတွေနဲ့ ပုံဖော်ထားပါတယ်။ နောက် မိသားစုတွေရဲ့ နေ့စဉ်ဘဝ၊ လူငယ်တွေရဲ့ခံစားချက်တွေနဲ့ အတိတ်ကို ပြန်လည်သတိရစေမဲ့ အမှတ်တရ လေးတွေကို ပေါင်းစပ်ထားတဲ့ သာမန် အချစ်ဇာတ်လမ်းဖြစ်ပါတယ်"ဟု ဒါရိုက်တာ ကောင်းမြတ်သူကျော်က ပြောပြသည်။

ရောဘူးငါးဝါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ဇော၊ မိုးကောင်း၊ ဟန်ဆန်း၊ နေ့သစ်အေးအောင်၊ နှင်းအိထက်၊ သာသာ၊ မေမြန်မာ၊ ဂေဘရယ်ထူး နှင့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

President U Min Aung Hlaing delivers speech at Union government meeting



President U Min Aung Hlaing delivers a speech at the Union government meeting.

Nay Pyi Taw October 28

The Union government of the Republic of the Union of Myanmar held its meeting at the meeting hall of the Office of the President in Nay Pyi Taw this afternoon, and President of the Republic of the Union of Myanmar U Min Aung Hlaing delivered a speech at the meeting.

The meeting was also attended by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Commander-in-Chief of Defence Services General Ye Win Oo, the Nay Pyi Taw Council Chair, senior military officers from the Office of the Commander-in-Chief, and officials, together with chief ministers of regions and states through video conferencing.

Making efforts to ensure a government which can leave a legacy of good reputations that stand the test of history

In his speech, the President said that as a government, it is necessary to continuously strive for and implement measures to ensure the prosperity of the country and the development of the socioeconomic lives of the people. Among the countries around the world that practises multiparty democracy, some governments have won elections and are leading their respective countries, while others are making preparations to hold elections again. A study of elections held both internationally and throughout the history of our own country shows that governments that have better served the interests of the State and its citizens have gained the support and backing of the electorate and have left a legacy of good reputations that stand the test of history. Similarly, there have been governments that won elections through effective campaigning and persuasion but failed to live up to expectations when they actually assumed leadership and responsibilities for governing the country. Such governments failed to achieve satisfactory results or bring about improvements in the socioeconomic lives of the people. A review of the country's history also shows that the second multiparty democratic government, which came to power after winning the 2015 multiparty democratic general election, failed to make genuine progress in advancing the interests of the State and its citizens to the extent that the people had expected.

So, public interest in and attention to the incumbent government and elections declined, and even No Vote campaigns emerged. Such developments undermined the consolidation of the multiparty democratic system. Subsequently, irregular practices aimed at securing another victory in the 2020 multiparty democratic general election resulted in major discrepancies in voter lists, leaving a stain on the country's electoral history. Our government must learn lessons from events and experiences both internationally and within the own country, and continuously strive to implement measures aimed at ensuring national prosperity and promoting the socioeconomic development of the people. **To become a government that stands the test of history, everyone must make every possible effort, using their full capabilities and wisdom, and properly combining and utilizing the country's favourable natural conditions and available resources.**

Striving to develop State economy as well as people's socioeconomic life

The President stated that the country had traditionally engaged in economic activities based on agriculture and livestock breeding, as well as activities involving the extraction and utilization of natural resources above and below the ground and on land and underwater. He emphasized that, **in carrying out agricultural and livestock activities, moving beyond traditional methods and adopting constantly evolving modern technologies, while conducting research, studying, analyzing and making necessary adjustments, would contribute more effectively to the country's economic growth and the socioeconomic development of the people. It was also stressed that genuine efforts must be made in carrying out economic activities and that opportunities must be created to enable people to work to their full potential.** Furthermore, it was noted that the necessary inputs for these activities must be provided. If genuine efforts were made to work productively, goods and products would be generated, thereby reducing imports and increasing exports, which would make a significant contribution to economic development.

Besides agriculture and livestock-based enterprises and resource extraction industries, foreign direct investment enterprises such as Cut-Make-Pack (CMP) garment businesses are also operating, and these CMP operations can only function with foreign investment. As a large workforce is employed in CMP industries, relevant ministries and regional governments must review and fulfill necessary requirements to ensure smooth operations and support these businesses. Our country practices a market economy system, and **regarding national economic development, it is necessary to examine, identify, and address economic challenges and lessons learned from the past.** To increase value-added products from agriculture and livestock-based production—which forms the backbone of the national economy—and to expand exports while securing markets for local products, the government, agricultural and livestock producers, and entrepreneurs must work together in unity. Furthermore, solutions must be sought and implemented to tackle rising commodity prices, the high volume of annual fuel and edible oil imports, and currency instability.

Only through educated human resources can a modern, developed nation be built


As a modern, developed nation can only be built with educated human resources, we must act systematically with a view toward long-term national interests when considering the country's future. To ensure the emergence of numerous educated human resources in the economic domain, we are actively supporting economic education. It is observed that 92.1 percent of Myanmar citizens possess basic literacy and already have sound numeracy skills. **Certain aspects necessary for economic improvement can be calculated and executed. Through strong national education, high-quality human resources for the workforce can be produced, which will in turn enhance productive capacity, boosting both the export sector and the country's GDP.** Higher levels of education directly contribute to a nation's economic competitiveness and exert a major impact on overall development; therefore, education must be fostered for national development. **According to the 2024 Population and Housing Census, there are approximately 8 million people over the age of 25 in our country who have completed middle school education. To secure employment and ensure the effective and right placement of those who are able to work among them, government ministries need to conduct vocational training courses.**

Furthermore, it is necessary to enhance the role of women and implement measures to enable their participation in essential national production activities. Successful implementation would unlock the capabilities and potential of women, yielding significant benefits for the country. Additionally, plans must be made to correctly and effectively utilize the labor potential of the working-age population in the nation's productive sectors.

Regarding the economy, although efforts are being made to promote regional and state-level production, adequate progress across these regions and states has yet to be achieved. **Despite the feasibility of producing required animal feed for livestock breeding from agricultural products and by-products, progress in the livestock sector remains weak, necessitating further dedicated efforts.** To boost agricultural and livestock-based production, the state is providing necessary capital loans. Increasing agricultural and livestock yields will not only ensure domestic self-sufficiency but also help mitigate high commodity prices. Once domestic self-sufficiency is attained, numerous neighboring and regional countries present large market demand for potential exports.

See Page 14

President of the Republic of the Union of Myanmar U Min Aung Hlaing receives delegation led by Head of Russian-based Aerial Group of Companies



President U Min Aung Hlaing receives Head of Aerial Group of Companies from Russia Mr. Vladislav V. SVIBLOV and his delegation.

Nay Pyi Taw October 28

President of the Republic of the Union of Myanmar U Min Aung Hlaing received Head of Aerial Group of Companies from Russia Mr. Vladislav V. SVIBLOV and his delegation at a courtesy call paid by them at the Reception Hall of the Presidential Office this morning.

Also present at the call were union ministers U Khin Maung Yi, U Tin Maung Swe and U Aung Kyaw Hoe and officials. Mr. Vladislav V. SVIBLOV was accompanied by Ambassador of Russia to Myanmar H.E. Mr. Iskander K. AZIZOV and members of the delegation.

At the call, topics on the improving mutual trust and friendship between Myanmar and Russian Federation, continuous promotion of cooperation in multi-sectors including education, science and technology, cooperation in mineral exploration that will be very helpful to economic development of the two countries and socioeconomic progress of the people, and the situations regarding the balanced cooperation between mining operations and environmental conservation were cordially discussed.

After the meeting, the President and the head of Aerial Group of Companies exchanged commemorative gifts. MNA

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Systematic demolition continues on a five-storey building used for online gambling operations in Shwe Kokko Part-II.



Before demolition.







Demolition using heavy machinery.

Nay Pyi Taw October 28

In cooperation with neighboring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socioeconomic arena and national security, and systematically carried out the total demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, the demolition of a 6-storey building and a 5-storey building being knocked down with the use of machinery out of illegal buildings used in online scams and gambling in Shwe Kokko (Part-II) completed 20 percent and 90 percent respectively until today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were scheduled, based on their types, to be demolished with the use of machinery, four to be detonated and 34 to be manually brought down floor by floor due to their proximity to residential buildings. As the demolition of four buildings to be detonated and three buildings to be brought down with the use of machinery have completed and plans are underway to systematically levelled down the remaining 53 buildings.

The government has effectively cracked down on online scams and gambling as a national responsibility. 100

France planning new riot crackdown law

Paris October 28

France's Senate has backed a sweeping "vandals pay" bill that could force people involved in violent gatherings to cover up to €10,000 ($11,100) in damage caused not only by them, but also by other members of the group. The vote follows weeks of nationwide protests which spiraled into looting, arson attacks, and clashes with police.

The bill was initially drafted by the government over the summer after violence following Paris Saint-Germain's Champions League victory, but it gained urgency after a new wave of mass public disorder. Demonstrations against soaring living costs and worsening quality of education turned violent in several cities this month, with rioters looting shops, torching vehicles, and destroying the 19th-century city hall in Limoges. Thousands of people were arrested during the unrest, with hundreds injured.

RT

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

From Page 12

Therefore, systematic measures must be taken to secure market access and meet supply requirements for export.

Pertaining to import and export operations, illegal trade persists in certain border areas, prompting strict monitoring and control measures to eliminate unauthorized trade routes. Border trade cannot be relied upon entirely. Illegal trade deprives the state of due tax revenues and exposes citizens to substandard, unverified goods. Furthermore, payments made to armed insurgent groups along illicit trade routes effectively empower them—analogous to handing a weapon to a thief—allowing them to build up their forces and ultimately hindering peacebuilding efforts.

He stated that it is necessary to systematically uncover, intercept, and deter illegal trade within respective regions to prevent illicit trade, firmly safeguarding the national interest through state sovereignty. He noted the need to explore new markets to export domestic products via regular trade channels, while border trade must be conducted strictly through legitimate routes. Furthermore, responsible agencies tasked with supervising and uncovering illicit activities to maintain regional peace and stability must fulfil their duties in their respective sectors to ensure citizens can live, work, and earn a livelihood safely and securely.

He added that efforts must be made to **foster patriotism and love for the country among youth who will shape the future nation.** To achieve this, excursions should be arranged for students to visit cultural museums across regions and states and, where feasible, museums in Yangon, Mandalay, and Nay Pyi Taw. By visiting cultural museums, national museums, and the Defence Services Museum, young people will gain a deeper appreciation of the nation's historical heritage, national identity, pride in lineage and heritage, and the noble traditional values of religion and culture. This will cultivate love for the country and its people, inspiring them to continually preserve national prestige and heritage across generations. He stressed that as a government, every possible avenue across all sectors must be pursued to advance national development. With the arrival of the open season, he urged the government administration to sustain momentum and intensify efforts toward national development projects.

Following this, Union ministers held sector-specific discussions and presentations.

Building the Future Nation by Prioritizing Education

In his concluding remarks, the President stated regarding human resources that a significant disparity exists in the country between the percentage of citizens with higher education and those with only primary education or no formal education at all. To bridge this divide, the state has currently set compulsory education up to KG+9 as the national baseline standard and is nurturing well-educated human resources. He stressed **that education is deeply linked to an individual's health, social well-being, and economic status, possessing transformative power over individual lives, families, society, and the future of the nation as a whole.**

Educational disparities result in differing standards of living, with notable divides persisting between urban and rural populations. He emphasized that access to employment and education should not be limited to a privileged minority, but made accessible to the broad majority. To achieve broader access, concerted efforts must be directed toward raising per capita income. Therefore, building a developed nation and closing the standard-of-living gap in the future requires prioritizing educational reform and development.

Promoting the Sports Sector

Alongside educational advancement, the sports sector must also be promoted. At present, the nation's success in regional and international sports competitions remains limited. A review of national sports history reveals that Myanmar achieved remarkable success and maintained a distinguished sporting reputation around the 1970s. Currently, the government is upgrading sports grounds, supplying essential equipment, and suitably conferring honours and cash rewards upon victorious athletes. Athletes, on their part, must engage in continuous, systematic training to bolster individual physical fitness, endurance, and technical mastery in their respective disciplines. He reiterated that technical and fitness coaches are mandatory across all sports categories.

Revitalizing the nation's sports sector requires rebuilding through rigorous training, with concerted collaborative efforts across regions and states. Concerning sports facilities, grounds are being modernized to meet contemporary standards at the region, state, district, and township levels. Alongside these infrastructure upgrades, responsible authorities must properly maintain the facilities, and sports spectators must observe discipline and order while attending competitions.

Noting that the winter season is approaching, he stated that sports tournaments should be systematically organized without extravagance across regions, states, ministries, schools, and rural areas as mass fitness activities. Following these remarks, the meeting concluded. MNA

Kyaukmyaung Sub-Township plants more than 2,000 acres of groundnut this year



This photo captures a large groundnut field.

Kyaukmyaung October 28

More than 2,000 acres of groundnut have been planted in Kyaukmyaung Sub-Township, Sagaing Region, during this year's winter crop season, according to statistics from the Kyaukmyaung Sub-Township Agriculture Department.

For the 2026-2027 winter crop season, Kyaukmyaung Sub-Township has set a target of cultivating 11,012 acres of groundnut. Planting began in October this year, and 2,505 acres had been planted as of today, according to reports.

"We have set a target of cultivating more than 11,000 acres of groundnut in Kyaukmyaung Sub-Township during this year's winter crop season. More than 2,000 acres have been planted so far. We are making the necessary arrangements to ensure that the targeted acreage is achieved. Groundnut cultivation is progressing successfully, and the crop is performing well as an oilseed crop. The area under groundnut cultivation has been increasing year by year," said Daw Po, Head of the Kyaukmyaung Sub-Township Agriculture Department.

In Kyaukmyaung Sub-Township, approximately one and a half baskets of groundnut seeds are required per acre. The cultivation cost, including seeds, labour, fertilizers and pesticides, exceeds K200,000 per acre. The average yield is more than 50 baskets per acre, according to reports.

This year, staff members from the Sub-Township Agriculture Department have been conducting field inspections and recording monitoring data in groundnut fields to promote healthy crop growth, prevent pest and disease outbreaks, and keep fields free of weeds. 206

Monywa District decides to grow more than 5,000 acres of cowpea this year

Monywa October 28

The Agriculture Department of Monywa District stated that local farmers will cultivate more than 5,000 acres of cowpea in Monywa District of Sagaing Region this year.

During the 2026-2027 winter crop season, Monywa District has set township-wise cultivation targets for cowpea of 600 acres in Monywa Township, 2,530 acres in Budalin Township, 38 acres in Ayadaw Township and 2,100 acres in ChaungU Township, for a total of 5,268 acres. Cultivation is scheduled to begin in the fourth week of October this year and continue through December, and preparations are underway to meet the targets, according to reports.

"We have set a target of cultivating more than 5,000 acres of cowpea in Monywa District during this year's winter crop season. We will make the necessary arrangements to ensure that the targeted acreage is achieved. In cooperation with farmers, we will provide quality and pure seeds, agricultural inputs and post-harvest technology training, along with other necessary assistance, to improve crop yields and quality," said Dr Tin Mar Mar Oo, Head of the Monywa District Agriculture Department.

The respective township agriculture departments will conduct awareness-raising activities to encourage cowpea growers in Monywa District to expand the cultivated acreage, increase yields, adopt Good Agricultural Practices (GAP), use quality and pure seeds, and grow high-yielding varieties.

Crops cultivated using GAP methods are of better quality and command higher prices than those grown using other methods. Their quality also enables them to be sold not only in domestic markets but also exported to international markets. As a result, farmers who adopt these practices can achieve greater economic benefits. 206

ကမ္ဘာတစ်ဝန်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားနေပြီး အယ်လ်နီညိုရာသီဥတုကြောင့် အခြေအနေပိုမိုဆိုးရွားလာနိုင်



ဂျီနီဗာ အောက်တိုဘာ ၂၈

ကမ္ဘာတစ်ဝန်း ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားနေပြီး အယ်လ်နီညိုရာသီဥတုကြောင့် အခြေအနေပိုမိုဆိုးရွားလာနိုင်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး စီမံချက်များကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆောင်ရွက်နေသော်လည်း ၂၀၂၆ ခုနှစ်အတွင်း အယ်လ်နီညိုရာသီဥတု အားကောင်းနေသည့်အတွက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုနှုန်းပိုမိုမြင့်မားလာဖွယ်ရှိနေကြောင်း၊ ၂၀၂၅ ခုနှစ်က ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို စစ်တမ်းကောက်ယူခဲ့ရာတွင် ၄၂၆ ဒသမ ၈ PPM (Part Per Million) ဖြစ်ပြီး ၂၀၂၆ ခုနှစ် နှစ်မကုန်မီ ၂၀၂၅ ခုနှစ်က ထုတ်လွှတ်ခဲ့သည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ပမာဏထက် ၂ ဒသမ ၈ PPM ပိုမိုမြင့်မားနေကြောင်း သိရသည်။

"PPM ပမာဏတိုးလာတိုင်း အပူချိန် ပိုမိုမြင့်တက်လာတယ်ဆိုတာကို သက်သေပြနေပါတယ်။ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုများလာလေ သမုဒ္ဒရာနဲ့ ကမ္ဘာ့လေထုအတွင်း အပူချိန်မြင့်တက်လာလေ ဖြစ်နေတဲ့အတွက် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုနှုန်းကို ပိုမိုမြင့်တက်လာစေပါတယ်"ဟု WMO ၏ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ကိုဘာရက်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းသို့ အာနာဘ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နေ

နယူးဒေလီ အောက်တိုဘာ ၂၈

အိန္ဒိယနိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းဒေသများသို့ အာနာဘ်ဟု အမည်ပေးထားသော အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းသည် ယနေ့ နံနက်ပိုင်းတွင် ဝင်ရောက် တိုက်ခတ်နေကြောင်း အိန္ဒိယမိုးလေဝသဌာန (IMD)က ထုတ်ပြန်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၁၂၅ ကီလိုမီတာမှ ကီလိုမီတာ ၁၅၀ ထိ လေတိုက်ခတ်နေကြောင်း၊ မုန်တိုင်းဝင်ရောက် တိုက်ခတ်နိုင်သည့် ကမ်းရိုးတန်းဒေသများမှ ဒေသခံထောင်ပေါင်းများစွာကို အာဏာပိုင်များက ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

အန္ဒရာပရာဒေ့ရှ်ပြည်နယ် ဗီဆာခါပတ်နမ်မြို့အပါအဝင် မုန်တိုင်းသင့် ဒေသအများအပြားတွင် လျှပ်စစ်ဓာတ်အားပေးမှုကိုလည်း ခေတ္တဖြတ်တောက်ထားကြောင်း၊ ထို့ပြင် အန္ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ခရိုင် ၁၄ ခရိုင်ရှိ ကျောင်းများကိုလည်း ယာယီပိတ်ထားကြောင်း သိရသည်။

ဗီဂျေးဝါဒါနှင့် ဗီဆာခါပတ်နမ်လေဆိပ်များတွင်လည်း လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခြင်းနှင့် အချိန်ပြောင်းရွှေ့ခြင်းများ ပြုလုပ်ခဲ့ရကြောင်း၊ မုန်တိုင်းကြောင့် အန္ဒရာပရာ ဒေ့ရှ်ပြည်နယ် ကမ်းရိုးတန်းဒေသများတွင် လေပြင်းတိုက်ခတ်ခြင်း၊ ပင်လယ်လှိုင်းကြမ်းခြင်းနှင့် မုန်တိုင်းဒီရေတက်ခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း၊ ဒီရေအမြင့်ထက် တစ်မီတာမှ နှစ်မီတာထိ လှိုင်းမြင့်တက်လာနိုင်သဖြင့် ကမ်းရိုးတန်းနေပြည်သူများအနေဖြင့် သတိပြုနေထိုင်ကြရန် လိုအပ်ကြောင်း အိန္ဒိယမိုးလေဝသဌာန(IMD)က သတိပေးထားသည်။

Ref : Sputnik News
Trs : KZ


ဟောတီနိုင်ငံနှင့် ဒုံမီနီကန်သမ္မတနိုင်ငံတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားနေ

ပို့အော်ပရင့်စ် အောက်တိုဘာ ၂၈

ကာရစ်ဘီယံဒေသရှိ ဟောတီနိုင်ငံနှင့် ဒုံမီနီကန်သမ္မတနိုင်ငံတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားနေကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဟောတီနိုင်ငံ အနောက်တောင်ပိုင်းတွင် လူနှစ်ဦးပျောက်ဆုံးနေပြီး မိသားစု ၃၂၀၀ ကျော် ရေဘေးဒဏ် ခံခဲ့ရကြောင်း၊ အနောက်တောင်ပိုင်းဒေသမှ နေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့သည့်အပြင် မြေပြိုမှုများကြောင့် လမ်းတချို့ပျက်စီးခြင်းနှင့် ဆက်သွယ် သွားလာရေးလမ်းကြောင်းများပိတ်ဆို့ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဒုံမီနီကန်သမ္မတနိုင်ငံတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ် အနည်းဆုံး ၃၀ ခန့် လုံးဝပျက်စီးခဲ့ပြီး နေအိမ် ၁၀၀ ကျော် ရေဝင်ရောက်ခဲ့ကြောင်း၊



ထို့ပြင် ဖုန်းလိုင်းနှင့် အင်တာနက်ကဲ့သို့ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခဲ့ကြောင်း အရေးပေါ်လုပ်ငန်း ဆောင်ရွက်ရေးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေလျှံတက်ခြင်း၊ မြေသား ပျော့ပျောင်းလာခြင်းနှင့် မြေပြိုကျခြင်းတို့ ဖြစ်ပွားသဖြင့် အဆိုပါနိုင်ငံတို့မှ ဒေသခံများကို သတိပြုနေထိုင်ကြရန် သက်ဆိုင်ရာတာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။

လက်ရှိသတင်းအရ နှစ်နိုင်ငံပေါင်း သေဆုံးသူအရေအတွက်ကို အတိအကျ အတည်ပြုဖော်ပြထားခြင်းမရှိသေးသော်လည်း ရေဘေးကြောင့် နေအိမ်များပျက်စီးခြင်းနှင့် ဆက်သွယ်သွားလာရေးပြတ်တောက်ခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေသဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

စင်ကာပူနှင့် အင်ဒိုနီးရှားတို့ ပူးပေါင်း၍ မီးခိုးမြူရှင်းလင်းရေးအဖွဲ့ ဖွဲ့စည်း

ဂျကာတာ အောက်တိုဘာ ၂၈

စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ပူးပေါင်း၍ မီးခိုးမြူရှင်းလင်းရေးအဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း စင်ကာပူနိုင်ငံခြားရေး ဝန်ကြီးဗီဗီယန်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နွေကာလရောက်တိုင်း အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု မကြာခဏဖြစ်ပေါ်လေ့ရှိပြီး တောမီးကြောင့် ထွက်ပေါ်လာသော မီးခိုးငွေ့များသည် အင်ဒိုနီးရှားနိုင်ငံအပြင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံသို့လည်း ရောက်ရှိပျံ့နှံ့ခဲ့ပြီး လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် နှစ်နိုင်ငံ ပူးပေါင်းဖြေရှင်းရန် ဂျကာတာမြို့၌ ဆွေးနွေးခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အာမာနာသာနှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်တို့ကြား ဂျကာတာမြို့တွင် နှစ်နာရီကြာ ဆွေးနွေးခဲ့ပြီး နောက် မီးခိုးမြူရှင်းလင်းရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းအဖွဲ့သည် နှစ်နိုင်ငံကြား သတင်းအချက်အလက်များဖလှယ်ခြင်း၊ နယ်စပ်ဖြတ်ကျော် သက်သေအထောက်အထားများ စုဆောင်းခြင်းနှင့် တောမီးကူးစက်လောင်ကျွမ်းမှုနှင့် ဆက်စပ်ပြီး နစ်နာသူများအနေဖြင့် တောမီးလောင်ကျွမ်းမှုနှင့် ဆက်နွယ်သည့် ကုမ္ပဏီများထံမှ နစ်နာကြေးပြန်လည်ရရှိရေးတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"တောမီးကူးစက်လောင်ကျွမ်းမှုတွေနဲ့ဆက်စပ်ပြီးတော့ နစ်နာသူတွေရှိခဲ့ရင် တောမီးလောင်ကျွမ်းမှုနဲ့ ဆက်နွယ်မှုရှိတဲ့ ကုမ္ပဏီတွေဆီကနေ နစ်နာကြေးပြန်လည်ရရှိစေဖို့အတွက် မီးခိုးမြူရှင်းလင်းရေးအဖွဲ့က ဆောင်ရွက်ပေးသွားမှာပါ။ ဒီကုမ္ပဏီတွေရဲ့ ငွေကြေးစီးဆင်းမှုတွေကို စင်ကာပူနိုင်ငံက လိုအပ်တဲ့ အချက်အလက်တွေမျှဝေပေးသွားမယ်လို့သဘောတူညီချက်ရရှိခဲ့ပါတယ်"ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အာမာနာသာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

မလေးရှားနိုင်ငံ ကေဒါပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

ကွာလာလမ်ပူ အောက်တိုဘာ ၂၈

မလေးရှားနိုင်ငံ ကေဒါပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ယနေ့မှစတင်၍ ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်လိုက်ကြောင်းမလေးရှားအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မလေးရှားနိုင်ငံတွင် လက်ရှိကာလသည် ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသည့် ကာလဖြစ်ပြီး ၂၀၂၇ ခုနှစ် မတ်လထိ ရေကြီးရေလျှံမှုများဖြင့် မကြာခဏ ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရသည့် ဒေသများမှာ ကေဒါမြစ်ဝှမ်းနှင့် မူဒါမြစ်ဝှမ်းတို့အနီးတွင် တည်ရှိသည့် မြို့ရွာများဖြစ်ကြောင်း၊ ရေဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကယ်ဆယ်ရေးဝန်ထမ်းအင်အား အမြောက်အမြား စေလွှတ်ပေးထားကြောင်း ကေဒါပြည်နယ် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

"ကေဒါပြည်နယ်မှာ မိုးသည်းထန်စွာ ရွာသွန်းပြီးတော့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ဘေးလွတ်ရာရွှေ့ ပြောင်းနေရပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကလဲ ရေဘေးဒဏ်သင့် ပြည်သူတွေ အန္တရာယ်ကင်းဖို့အတွက်အကောင်းဆုံးကြိုးစားပေးနေပါတယ်။ မိုးရွာသွန်းနေဆဲဖြစ်လို့ ရေကြီးရေလျှံမှုအခြေအနေ ပိုဆိုးလာနိုင်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့နေရာပေါင်း ၉၀ ကျော်ထိရှိနေပါတယ်" ဟု မလေးရှားအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရှေ့ဖုံးမှအဆက်

နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရတစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကိုအမြဲမပြတ်ရွက်ဆောင်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့်နိုင်ငံများအနက် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး နိုင်ငံကိုဦးဆောင်လျက်ရှိနေသည့် အစိုးရအဖွဲ့များရှိသကဲ့သို့ ရွေးကောက်ပွဲပြန်လည်ကျင်းပပေးနိုင်ရေးပြင်ဆင်နေကြသည့် အစိုးရအဖွဲ့များလည်းရှိကြကြောင်း၊ နိုင်ငံတကာနှင့် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းတွင်ဖြစ်ပေါ်ခဲ့သည့်ရွေးကောက်ပွဲဆိုင်ရာများကိုလေ့လာကြည့်မည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကိုပိုမိုဖော်ဆောင်ပေးနိုင်သည့် အစိုးရအဖွဲ့များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ထောက်ခံအားပေးမှုကိုရရှိကြပြီး သမိုင်းကြောင်းတွင်လည်း မှတ်ကျောက်တင်ခံနိုင်ကြသည့် နာမည်ကောင်းများဖြင့် မှတ်တမ်းကျန်ရှိခဲ့ကြကြောင်း၊ ထို့အတူ ရွေးကောက်ပွဲများတွင် ဆွဲဆောင်စည်းရုံးမှုကောင်းစွာဖြင့် အနိုင်ရရှိခဲ့ကြပြီး အမှန်တကယ်နိုင်ငံ့တာဝန်များကို ဦးဆောင်ရသည့်အချိန်တွင် မျှော်မှန်းထားသည့် အတိုင်းဖြစ်မလာခဲ့သည့်၊ အားရဖွယ်လုပ်ဆောင်ချက်များမရှိဘဲ ပြည်သူတို့၏လူမှုစီးပွားဘဝများကို ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးနိုင်မှုများမရှိခဲ့သည့် အစိုးရအဖွဲ့များလည်းရှိကြကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်းကိုလေ့လာကြည့်မည်ဆိုပါကလည်း ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အနိုင်ရရှိပြီး တက်လာခဲ့သည့် ပါတီစုံဒီမိုကရေစီဒုတိယအစိုးရအဖွဲ့အနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ မျှော်မှန်းထားသည့်အတိုင်းအတာတစ်ခုထိ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်နိုင်မှုမရှိခဲ့သည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း။

ထိုသို့ဖြစ်ပေါ်ခဲ့မှုကြောင့် ပြည်သူများအနေဖြင့် အာဏာရအစိုးရနှင့် ရွေးကောက်ပွဲအပေါ်အာရုံစိုက်မှုနှင့် အလေးအနက်ထားမှုများလျော့ပါးလာခဲ့ကြပြီး No Vote လှုပ်ရှားမှုများထိပင်ဖြစ်ပေါ်လာခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခြင်းသည် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာမှုကို ထိခိုက်စေခြင်းပင်ဖြစ်ကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိရေးအတွက်မသမာသောနည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့မှုများကြောင့် ကြီးမားသည့် မဲစာရင်းကွာဟမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ရွေးကောက်ပွဲသမိုင်းတွင် အမည်းစက်တစ်ခုအဖြစ် ထင်ကျန်စေခဲ့ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူ၍တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူလူထု၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဦးတည်ချက်ထား၍ အမြဲတမ်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့သမိုင်းတွင်မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် နိုင်ငံ၏ရေခံမြေခံကောင်းများ၊ အရင်းအမြစ်များကို မှန်မှန်ကန်ကန် ပေါင်းစပ်အသုံးချ၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စီးပွားရေးလုပ်ငန်းများနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့်စီးပွားရေးလုပ်ငန်းများကို ရှေးအစဉ်အဆက်ကတည်းက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိရိုးဖလာနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခြင်းမှ ဖောက်ထွက်ကာ စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကိုအသုံးပြု၍သုတေသနပြုလေ့လာသုံးသပ်ပြင်ဆင်ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း၊ **လုပ်ငန်းများဆောင်ရွက်ကြရာတွင်လည်း အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် စွမ်းအားပြည့်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လို**ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လိုအပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက ထုတ်ကုန်ပစ္စည်းများရရှိလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ကာ ပြည်ပပို့ကုန်များကို တိုးမြှင့်ရရှိလာမည်ဖြစ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့်လုပ်ငန်းများအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်း (CMP) ဆောင်ရွက်ကြသည်များလည်းရှိပြီး ယင်းလုပ်ငန်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများရှိမှသာလျှင် ဆောင်ရွက်၍ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများ၌ လုပ်ကိုင်ဆောင်ရွက်နေကြသူများ အများအပြားရှိကြသဖြင့် လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့မှုရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် လိုအပ်သည်များ စိစစ်ဖြည့်ဆည်းအားပေးဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စျေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးဆောင်ရွက်လျက်ရှိပြီး **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ယခင်ကကြုံတွေ့ခဲ့ရသော စီးပွားရေးနှင့်ပတ်သက်သည့် အခက်အခဲနှင့် သင်ခန်းစာများကို ဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရှာဆောင်ရွက်သွားကြရန်လို**ကြောင်း၊ နိုင်ငံ၏အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ရရှိရေး၊ ပြည်ပပို့ကုန်များတိုးမြှင့်ရရှိရေးနှင့် မိမိတို့နိုင်ငံ၏ထုတ်ကုန်များစျေးကွက်ရရှိရေးတို့အတွက် အစိုးရ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အားလုံးလက်တွဲညီညီဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် ကုန်စျေးနှုန်းကြီးမြင့်မှုများ၊ စက်သုံးဆီနှင့်စားသုံးဆီများ နှစ်စဉ်အများအပြားတင်သွင်းနေရမှုများ၊ ငွေကြေးတန်ဖိုးမတည်ငြိမ်မှုများကိုလည်း အဖြေရှာ၍ဖြေရှင်းပေးကြရမည်ဖြစ်ကြောင်း။

ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကိုတည်ဆောက်နိုင်မည်

ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏အနာဂတ်ကိုစဉ်းစားဆောင်ရွက်ရာတွင် ရေရှည်အကျိုးစီးပွားအတွက်ကိုကြည့်၍ စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်သည့် ပညာတတ်လူသားအရင်းအမြစ်များ များစွာပေါ်ထွက်လာစေရေးအတွက်လည်း မိမိတို့အနေဖြင့် စီးပွားရေးပညာရပ်ကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသား ၉၂ ဒသမ ၁ ရာခိုင်နှုန်းသည် အခြေခံအရေးအဖတ်အတွက်ရရှိပြီးသူများဖြစ်ပြီး တွက်ချက်နိုင်မှုနှင့်ပတ်သက်၍ ကောင်းမွန်ပြီးသားသူများဖြစ်သည်ကိုတွေ့ရကြောင်း၊ စီးပွားရေးကောင်းမွန်စေရေးအတွက် တွက်ချက်ဆောင်ရွက်၍ရသည်များရှိကြောင်း၊ **နိုင်ငံ့ပညာရေးအားကောင်းမှုမှ** အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားရန်လိုကြောင်း။

ထို့ပြင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်သွားနိုင်ရန်လိုပြီး နိုင်ငံတော်အတွက် လိုအပ်သည့်ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေးစီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက အမျိုးသမီးများ၏စွမ်းဆောင်နိုင်မှုအားများလည်း ရရှိလာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် လူလတ်ပိုင်းအရွယ်များ၏အားကို နိုင်ငံ့ကုန်ထုတ်လုပ်ငန်းများတွင် မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိအသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထိုက်သင့်သည့် တိုးတက်မှုများရရှိရန် လိုအပ်နေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း၊ **မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်တိရစ္ဆာန်အစာများကို စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့်**



ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ မိရိုးဖလာနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခြင်းမှဖောက်ထွက်ကာ စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကိုအသုံးပြု၍ သုတေသနပြုလေ့လာသုံးသပ်ပြင်ဆင်ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ် . . .

ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏အနာဂတ်ကို စဉ်းစားဆောင်ရွက်ရာတွင် ရေရှည်အကျိုးစီးပွားအတွက်ကိုကြည့်၍ စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ် . . .

ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့်ဆောင်ရွက်နိုင်သော်လည်း မွေးမြူရေးလုပ်ငန်းများ တိုးတက်မှု အားနည်းနေဆဲဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်ကလည်း လိုအပ်သည့်ရင်းနှီးမတည်ချေးငွေများကို ထုတ်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ရရှိမှသာလျှင် ပြည်တွင်းစားသုံးမှုကိုဖူလုံစေမည်ဖြစ်ပြီး ကုန်စျေးနှုန်းကြီးမြင့်မှုများကိုလည်း လျော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းဖူလုံမှုရရှိအောင်ဆောင်ရွက်ပြီးပါက ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့်စျေးကွက်လိုအပ်ချက်ကြီးမားသည့် အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင်း နိုင်ငံများအများအပြားရှိပြီးဖြစ်ကြောင်း၊စျေးကွက်ရရှိရေးနှင့် စျေးကွက်လိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်တင်ပို့နိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ကုန်သွယ်မှုများတွင် အချို့သောနယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုများမရှိစေရေး မိမိတို့အနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများသည် ရာနှုန်းပြည့်အားကိုးရမရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိသည့်အပြင် နိုင်ငံသားများအနေဖြင့်လည်း အရည်အသွေးပြည့်မီမှုမရှိသည့်၊ အာမခံချက်မရှိသည့်ပစ္စည်းများကို သုံးစွဲကြရနိုင်ကြောင်း၊ ထို့ပြင် တရားမဝင်လမ်းကြောင်းများရှိလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကိုငွေကြေးပေး၍ သွားလာသယ်ဆောင်နေကြသည်ဖြစ်သည့်အတွက် သူခိုးဓားရိုးကမ်းသကဲ့သို့ဖြစ်နေပြီး ရရှိသည့်ငွေကြေးများဖြင့် ၎င်းတို့၏အင်အားများကို တိုးချဲ့တည်ဆောက်နေနိုင်ကြခြင်းသည် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိုလည်း အဟန့်အတားဖြစ်စေနိုင်ကြောင်း။

သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများမဖြစ်ပေါ်စေရေး သက်ဆိုင်ရာနယ်မြေဒေသများအလိုက် စနစ်တကျဖြင့် ဖော်ထုတ်တားဆီးထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုပြီး မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ခိုင်ခိုင်မာမာ ကာကွယ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုံမှန်ကုန်သွယ်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံမှ ထုတ်ကုန်များကိုတင်ပို့ရောင်းချနိုင်သည့် စျေးကွက်သစ်များရှာဖွေဆောင်ရွက်သွားကြရန်လိုသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်၍လည်း တရားဝင်လမ်းကြောင်းများမှသာလျှင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရေး

တရားမဝင်ကုန်သွယ်မှုများမဖြစ်ပေါ်စေရေး သက်ဆိုင်ရာနယ်မြေဒေသများအလိုက် စနစ်တကျဖြင့် ဖော်ထုတ်တားဆီးထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုပြီး မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာဖြင့် မိမိတို့နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ခိုင်ခိုင်မာမာကာကွယ်ဆောင်ရွက်ကြရန်လို . . .

ပုံမှန်ကုန်သွယ်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံမှ ထုတ်ကုန်များကို တင်ပို့ရောင်းချနိုင်သည့် စျေးကွက်သစ်များရှာဖွေဆောင်ရွက်သွားကြရန်လိုသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်၍လည်း တရားဝင်လမ်းကြောင်းများမှသာလျှင် ဆောင်ရွက်ကြရန်လို . . .

တို့အတွက် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် စိစစ်ဖော်ထုတ်သွားရန် တာဝန်ရှိသည့်အဖွဲ့အစည်းများအနေဖြင့်လည်း ပြည်သူများလုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့ကဏ္ဍအလိုက်ကျေပွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ဖြည့်စွက်မှာကြားလိုသည်မှာ **နိုင်ငံ့အနာဂတ်ကိုပုံဖော်တည်ဆောက်ကြမည့် လူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားကြရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး ကျောင်းသား၊ ကျောင်းသူများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ယဉ်ကျေးမှုပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများ ဆောင်ရွက်ပေးသွားရန်လိုပြီး တတ်နိုင်ပါက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ ပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယဉ်ကျေးမှုပြတိုက်၊ အမျိုးသားပြတိုက်၊ စစ်သမိုင်းပြတိုက်များသို့လူငယ်လူရွယ်များ လာရောက်လည်ပတ်လေ့လာကြခြင်းဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုးတို့၏သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ(National Identity)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာသာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့် ရိုးရာတန်ဖိုးများကို ပိုမိုနားလည်သဘောပေါက်သိရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စဉ်ဆက်မပြတ်ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံက ဖြစ်နိုင်သည်မှန်သမျှကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်ပြီး မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ပညာရေးကိုအထူးအလေးထား၍ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ လူသားအရင်းအမြစ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူဦးရေရာခိုင်နှုန်းနှင့် မူလတန်းပညာအဆင့်၌သာရှိသူ၊ လုံးဝပညာမသင်ဖူးသူဦးရေ ရာခိုင်နှုန်းမှာ ကွာခြားချက်များ ကြီးမားလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့သောကွာခြားချက်ကြီးမားမှုကိုလျော့ချနိုင်ရေး မိမိတို့အနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော်၏အနိမ့်ဆုံး ပညာရေးရည်မှန်းချက်အဖြစ် KG+9 ထိ မသင်မနေရပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ်လူစွမ်းအားအရင်းအမြစ်ကောင်းများပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ **ပညာရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့်ချိတ်ဆက်နေပြီး လူတစ်ဦးချင်းစီ၏ ဘဝကိုသာမက မိသားစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုလုံး၏အနာဂတ်ကို ပါပြုပြင်ပြောင်းလဲစေနိုင်သည့်စွမ်းအားများရှိနေ**ကြောင်း။

ပညာရေးကွာဟချက်များကြောင့် လူနေမှုအဆင့်အတန်းများသည်လည်း ကွာဟချက်များရှိလာပြီး မြို့ပြနှင့်ကျေးလက်များ၌ ကွာဟချက်များရှိနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ပြည်သူများ၏အလုပ်အကိုင်ရရှိရေးနှင့်ပညာရေးတို့တွင် လူနည်းစုအလှမ်းမီခြင်းထက် လူအများစုအလှမ်းမီစေရေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လူအများစုလက်လှမ်းမီစေရေးအတွက် တစ်ဦးချင်းဝင်ငွေတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့ဖြစ်၍ အနာဂတ်တွင်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို ပုံဖော်တည်ဆောက်နိုင်ရေး၊ လူနေမှုအဆင့်အတန်းကွာဟမှုကိုလျော့ချနိုင်ရေး ပညာရေးကို အလေးထားပြုပြင်တည်ဆောက်ပေးသွားကြရမည်ဖြစ်ကြောင်း။

အားကစားကဏ္ဍမြှင့်တင်ရေး

ပညာရေးကဏ္ဍ မြှင့်တင်မှုနှင့်အတူ အားကစားကဏ္ဍမြှင့်တင်ရေးကိုလည်း မိမိတို့အနေဖြင့် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်၌ နိုင်ငံတကာနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အောင်မြင်မှုများ နည်းပါးလျက်ရှိကြောင်း၊ နိုင်ငံ၏အားကစားသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် အောင်မြင်မှုများစွာရရှိခဲ့ပြီး အရှိန်အဝါကြီးမားခဲ့သည့် အားကစားအဆင့်အတန်းကို ပိုင်ဆိုင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့အစိုးရအနေဖြင့် အားကစားနှင့်ပတ်သက်၍ အားကစားကွင်းများ၊ အထောက်အကူပြုပစ္စည်းများကို အဆင့်မြှင့်တင်ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြိုင်ပွဲများ၌ အောင်မြင်မှုရရှိခဲ့ကြသူများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားသမားများအနေဖြင့်လည်း တစ်ဦးချင်းကြံ့ခိုင်မှုကောင်းမွန်စေရေး၊ ခံနိုင်ရည်အားကောင်းမွန်စေရေး၊ အားကစားနည်းများအလိုက် ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေးအမြဲမပြတ်စနစ်တကျ လေ့ကျင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားနည်းအလိုက် နည်းစနစ်နည်းပြနှင့် ကြံ့ခိုင်ရေးနည်းပြများမဖြစ်မနေထားရှိသွားရန်လည်း မိမိအနေဖြင့် ပြောကြားထားပြီးဖြစ်ကြောင်း။

နိုင်ငံ၏အားကစားကဏ္ဍမြှင့်တင်ရေးကို လေ့ကျင့်ရေးဖြင့် ပြန်လည်တည်ဆောက်သွားကြရန်လိုပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားကွင်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများအဆင့်မြှင့်တင် ဆောင်ရွက်ရာတွင်လည်း ခေတ်နှင့်လျော်ညီသည့် အားကစားကွင်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အလိုက် အားကစားကွင်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးလျက်ရှိသည့် နည်းတူ အားကစားကွင်းများစနစ်တကျ ဖြစ်စေရေး အတွက်လည်း တာဝန်ရှိသူများက ထိန်းသိမ်းယှဉ်ပြိုင်မှုများကိုအားပေးသည့် ပြည်သူများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် အားပေးကြရန်လိုကြောင်း။

မကြာမီကာလအတွင်းဆောင်းရာသီသို့ရောက်ရှိလာတော့မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၊ ဝန်ကြီးဌာနများအလိုက်၊ စာသင်ကျောင်းများအလိုက်၊ ကျေးလက်ဒေသအလိုက် ပကာသနမဖက်ဘဲလူထုလှုပ်ရှားမှုဖြင့် စနစ်တကျကျင်းပဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၈

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ တပ်မတော်သား မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သား မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲ ကျင်းပစဉ်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူ ၉၄၂၆ ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Iskander K. AZIZOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား အပြန်အလှန် ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်မှုတို့ကို များစွာအထောက်အကူပြုစေနိုင်မည့် သတ္တုရှာဖွေတူးဖော်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ သတ္တုတူးဖော်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies၏ အကြီးအကဲဖြစ်သူတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၁၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၆ ခု ခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် နှစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ရှစ်ခုကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍတို့မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ခြောက်ခုကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းသစ်များ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈၂၉ သန်းနှင့် ငွေကျပ် ၅၆၄၃၃၉၁ ဒသမ ၃၉၃ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၁၃၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် SKD စနစ်ဖြင့် လျှပ်စစ်သုံး နှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ရွှေသတ္တုအကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း၊ ပြည်တွင်းအသားတိုးနွားများကို ခေတ်မီစနစ်ဖြင့် မွေးမြူခြင်း၊ ခေတ်မီမြန်မာအသားတိုးနွားမျိုးခြံ၊ နို့စားနွားမွေးမြူခြင်း၊ နို့ဆီ၊ နို့စိမ်းနှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်း၊ နို့ပေါင်းစက်လုပ်ငန်း၊ မွေးမြူရေးအစာထုတ်လုပ်ခြင်း၊ မြေဩဇာနှင့်ဓာတ်မြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊ မှန်လုံအိမ်စိုက်ပျိုးခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန်သိုလှောင် ရောင်းချခြင်းလုပ်ငန်း၊ ရုံးခန်းအဆောက်အအုံ တည်ဆောက်၍ ငှားရမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆပ်ပြာအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မျိုးစေ့အမျိုးမျိုးစိုက်ပျိုးသန့်စင်ရောင်းချခြင်းနှင့် မျိုးစေ့သုတေသနပြုလုပ်ခြင်းလုပ်ငန်း၊ ပဲနို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဘက်ထရီအိုးဟောင်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများကို သန့်စင်ကျိုချက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတို့ ပါဝင်သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလကုန်ထိ မြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၀၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၀ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၅ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များ စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိ ရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယမ်ဆေး။

ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဏာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)မှ ပြည်ထောင်စုကြေးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များကို လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း)မှ ပြည်ထောင်စုကြေးခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဝင်လေ့လာသူများကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် (C) ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးရေးမဏ္ဍိုင်း ပေါ်ပေါက်လာမှုအခြေအနေများ၊ အဆိုပါမဏ္ဍိုင်များအနေဖြင့် တစ်ခုနှင့် တစ်ခုအပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေသည့် အခြေအနေများ၊ လွှတ်တော်များ၏ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းကိစ္စရပ်များ၊ တတိယအကြိမ်လွှတ်တော်သက်တမ်း စတင်သည့် အချိန်မှ ယနေ့အချိန်ထိ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေအသစ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း)မှ ပြည်ထောင်စုကြေးခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဝင်လေ့လာသူများကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် (C) ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများကျင်းပပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်မဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်မဏ္ဍိုင်တို့ ပေါ်ပေါက်လာမှုအခြေအနေများ၊ အဆိုပါမဏ္ဍိုင်များအနေဖြင့် တစ်ခုနှင့် တစ်ခုအပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေသည့် အခြေအနေများ၊ လွှတ်တော်များ၏ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းကိစ္စရပ်များ၊ တတိယအကြိမ်လွှတ်တော်သက်တမ်း စတင်သည့် အချိန်မှ ယနေ့အချိန်ထိ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေအသစ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ ဥပဒေပြုရေးမဏ္ဍိုင်သည် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ ဒေသအခက်အခဲများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကိုယ်စားလှယ်များမှ တစ်ဆင့် တင်ပြဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ဥပဒေပြုရေးမဏ္ဍိုင်သည် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်က ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ လက်တွေ့လေ့လာသိရှိခဲ့မှုများကို မိမိတို့ဒေသရှိ ပြည်သူများသိရှိစေရန် ပြန်လည်မျှဝေပေးနိုင်ရေး အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးချမ်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘယ်လာရုစ်သမ္မတနိုင်ငံ၌ကျင်းပသည့် နှစ် ၃၀ ပြည့် စွမ်းအင်နှင့် ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်၏ စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်အဖွဲ့ ပါဝင်တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၈

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပသည့် နှစ် ၃၀ ပြည့် စွမ်းအင်နှင့် ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်၏ စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ပါဝင်တက်ရောက်သည်။

စကားဝိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက Formula of Energy Independence: Economy, Integration, Development ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ရှုမြင်ချက်အရ စွမ်းအင်မှီခိုမှုကင်းခြင်းဆိုသည်မှာ လိုအပ်သမျှသော စွမ်းအင်ကိုပြည်တွင်း၌ တတ်နိုင်သလောက် ထုတ်လုပ်ခြင်း၊ မိတ်ဆွေနိုင်ငံများနှင့် စိတ်ချယုံကြည်ရသည့် စွမ်းအင်ကုန်သွယ်မှုပြုလုပ်ခြင်း၊ ပြင်ပမှ အနှောင့်အယှက်များကြောင့် စွမ်းအင်လုံခြုံမှုကို ထိခိုက်လွယ်ခြင်းမှ လျော့ချနိုင်ရေးနှင့်အတူ ယုံကြည်စိတ်ချရပြီး သင့်တင့်သည့်ဈေးနှုန်းဖြင့် ရေရှည်တည်တံ့သော စွမ်းအင်ထောက်ပံ့ဖြည့်ဆည်းမှုကို အာမခံနိုင်ရေးတို့ပါဝင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းလျှပ်စစ်ဓာတ်အားကွန်ရက်ချိတ်ဆက်မှု တိုးတက်ခိုင်မာရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ လုံခြုံစိတ်ချရမှုမြှင့်တင်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အထူးအရေးပါကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ် အလားအလာများစွာရှိပါကြောင်း၊ ယင်းအရင်းအမြစ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှု၊ အဆင့်မြင့်နည်းပညာ၊ အခြေခံအဆောက်အအုံနှင့် နည်းပညာကျွမ်းကျင်မှုတို့လိုအပ်ကြောင်း၊ မြန်မာ–ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုသည် စွမ်းအင်လုံခြုံမှုအတွက် အထောက်အပံ့ကောင်းများဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ကြား လျှပ်စစ်ဓာတ်အားအခြေခံအဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများနှင့် ပြုပြင်ထိန်းသိမ်းရေး၊ စွမ်းအင်အသုံးပြုမှုအကျိုးရှိ ထိရောက်ရေးနှင့် ကျွမ်းကျင်ပညာရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့တွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိသည်ဟု ယုံကြည်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအပါအဝင် တက်ရောက်လာကြသည့် နိုင်ငံများ၏ အတွေ့အကြုံများကိုဖလှယ်ပြီး အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို အတူတကွ ရှာဖွေဖော်ထုတ်နိုင်ရန် မျှော်လင့်ကြောင်း ဆွေးနွေးပြောကြားသည်။





အဆိုပါဖိုရမ်သို့ အရှေ့ဥရောပနိုင်ငံများ၊ ဥရောပအာရှဒေသနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်လျက်ရှိပြီး ဖိုရမ်တက်ရောက်နေစဉ် ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် အီရန်နိုင်ငံ စွမ်းအင်ဝန်ကြီး၊ အီရတ်နိုင်ငံ စွမ်းအင်ဒုတိယဝန်ကြီး၊ တာတာစတန် ပြည်နယ် ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံ၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြို့ရှောင်လမ်းဖောက်လုပ်ပေးနိုင်ရေး၊ မီးရထားပြေးဆွဲပေးနိုင်ရေး၊ သက်တမ်းလွန်မော်တော်ယာဉ်၊ ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်ပြုနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပေး မီးစက်ပံ့ပိုးပေးနိုင်ရေး၊ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာသစ်တည်ဆောက်ပေးနိုင်ရေး၊ လက်ထောက်ဆရာဝန်(အထူးကု)တာဝန်ချထားပေးနိုင်ရေး၊ ကျောက်စီကွန်ကရစ် ရေသွယ်မြောင်းနှင့် ကျောက်စီမြေထိန်းနံရံပြုလုပ်ပေးရန် တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လေရှိုးမဲဆန္ဒနယ်မှ ဦးဗိုးဆန်း၏ **လေရှိုး-ပန်ဆပ်- ဆွမ္မရာလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထမံသီ-လေရှိုး-ပန်ဆပ်-ဆွမ္မရာလမ်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လေရှိုးမြို့နယ်အတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ ဒသမ ၅ ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ တံတားချဉ်းကပ်လမ်းနေရာကို ကျောက်တောင်မိုင်းခွဲလမ်းခဲ့၍ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတားများတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကျော် ကုန်ကျမည်ဖြစ်ပြီး ယင်းအနက် ကျပ်သိန်း ၅၀၀ ကျော်ကို ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ကုန်ကျမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။



ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးကျော်ကျော်အောင်၏ **ဗလမင်းထင်တံတားအဆင်းမှ ဝိုင်းမော်မြို့နယ် နောင်တာလောရွာထိလမ်းအား နိုင်လွန်ကတ္တရာသို့မဟုတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဝိုင်းမော်မြို့နယ်အတွင်းရှိ နောင်တာလောကျေးရွာမှ ဗလမင်းထင်တံတားအဆင်းထိ လမ်းအရှည် ၃ မိုင် ၄ ဖာလုံ လမ်းပိုင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သုံးဖာလုံကို ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း၊ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် သုံးဖာလုံနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ၂ မိုင် ၆ ဖာလုံ ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ရန် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည်မြို့နှင့် ဆက်သွယ်သောလမ်း ရွှေဒါး-သပြေဝန်းလမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျောက်ဆည်မြို့နယ်အတွင်းရှိ အရှေ့ငယ်တိုးကျေးရွာ၊ ရွှေဒါးကျေးရွာ၊ သပြေဝန်းကျေးရွာတို့မှ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သို့ ဆက်သွယ်သွားလာနိုင်သည့် အဆိုပါလမ်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် မူလကျောက်လမ်းအရှည် ခုနစ်ဖာလုံကို ကတ္တရာခင်းခြင်း၊ ပျက်စီးနေသော ကျောက်လမ်းအရှည် လေးဖာလုံကို ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို နှစ်အလိုက်ဆက်လက် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **ကျိုင်းတောင်း- ဆိုင်းခေါင်လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျိုင်းတောင်း-ဆိုင်းခေါင်လမ်းပိုင်း အရှည် ၂၅ မိုင်သည် တစ်ကြောင်းထိုး မြေသားလမ်းအဆင့်သာရှိပြီး နယ်မြေအခြေအနေအရ သွားလာရန်ခက်ခဲခြင်းတို့ကြောင့် ခရီးသွားလာမှုမရှိသလောက်နည်းပါးပါကြောင်း၊ အဆိုပါမြေသားလမ်းအပိုင်းကို သတ်မှတ်လမ်းအကျယ်ရရှိစေရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ မြေသားတာပေါင်ချဲခြင်း၊ လိုအပ်သောနေရာများတွင် တံတား၊ ရေပြွန်များတည်ဆောက်ခြင်း၊ မြေလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်ပေးနိုင်ရန် နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယမြို့ မြို့ရှောင်လမ်းအား မည်သည့်ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပင်းတယမြို့ရှောင်လမ်းဖောက်လုပ်မည်ဆိုပါက လမ်းအူကြောင်းရှာဖွေခြင်း၊ ဒီဇိုင်းတိုင်းတာပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးနှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပိုင်းမော်မဲဆန္ဒနယ်မှ ဦးကျော်ကျော်အောင်၏ **ဗလမင်းထင်တံတားအဆင်းမှ ဝိုင်းမော်မြို့နယ် နောင်တာလောရွာထိလမ်းအား နိုင်လွန်ကတ္တရာသို့မဟုတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဝိုင်းမော်မြို့နယ်အတွင်းရှိ နောင်တာလောကျေးရွာမှ ဗလမင်းထင်တံတားအဆင်းထိ လမ်းအရှည် ၃ မိုင် ၄ ဖာလုံ လမ်းပိုင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သုံးဖာလုံကို ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း၊ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် သုံးဖာလုံနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ၂ မိုင် ၆ ဖာလုံ ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ရန် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **ကျိုင်းတောင်း- ဆိုင်းခေါင်လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျိုင်းတောင်း-ဆိုင်းခေါင်လမ်းပိုင်း အရှည် ၂၅ မိုင်သည် တစ်ကြောင်းထိုး မြေသားလမ်းအဆင့်သာရှိပြီး နယ်မြေအခြေအနေအရ သွားလာရန်ခက်ခဲခြင်းတို့ကြောင့် ခရီးသွားလာမှုမရှိသလောက်နည်းပါးပါကြောင်း၊ အဆိုပါမြေသားလမ်းအပိုင်းကို သတ်မှတ်လမ်းအကျယ်ရရှိစေရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ မြေသားတာပေါင်ချဲခြင်း၊ လိုအပ်သောနေရာများတွင် တံတား၊ ရေပြွန်များတည်ဆောက်ခြင်း၊ မြေလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်ပေးနိုင်ရန် နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် သဲကောရွာမှ ထန်းပင်ကုန်းတံတားထိ ပျက်စီးနေသောလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပိုင်းသည် မင်းလှမြို့နယ်နှင့် မိုးညိုမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ၁၇ မိုင် ၁ ဖာလုံအရှည်ရှိသော ရှမ်းတော-မင်းလှ-အင်းဘုတ်ကုန်း-မိုးညိုလမ်း၏ အစိတ်အပိုင်းဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သဲကောရွာမှ ထန်းပင်ကုန်းရွာထိ လမ်းပိုင်း၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း တစ်ဖာလုံ၊ အနိမ့်အမြင့်ဖြည့်၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း နှစ်ဖာလုံလုပ်ငန်းများဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ သဲကောရွာအနောက်ထိပ်မှ ထန်းပင်ကုန်းတံတားထိ လမ်းပိုင်းတွင် ပျက်စီးမှုဖြစ်ပေါ်နေသောနေရာများကို သွားလာမှုအဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မချမ်းဘော့မြို့တွင်းလမ်း၏ကတ္တရာလမ်း သုံးမိုင်တွင် ၁၈ ပေအကျယ်လမ်းချဲ့ပြီး ခြောက်ဖာလုံရှိပါကြောင်း၊ ၁၈ ပေအကျယ်ချဲ့ရန် ကျန် ၂ မိုင် ၂ ဖာလုံအတွက် လမ်းခင်းပစ္စည်းများ သယ်ယူရရှိနိုင်မည့် ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မချမ်းဘော့မဲဆန္ဒနယ်မှ ဦးငွေးရဲဆဲ၏ **မချမ်းဘော့မြို့တွင်း လမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် တိုးချဲ့ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မချမ်းဘော့မြို့တွင်းလမ်း၏ကတ္တရာလမ်း သုံးမိုင်တွင် ၁၈ ပေအကျယ်လမ်းချဲ့ပြီး ခြောက်ဖာလုံရှိပါကြောင်း၊ ၁၈ ပေအကျယ်ချဲ့ရန် ကျန် ၂ မိုင် ၂ ဖာလုံအတွက် လမ်းခင်းပစ္စည်းများ သယ်ယူရရှိနိုင်မည့် ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေး၏ **မော်လမြိုင်မြို့နှင့် နေပြည်တော်သို့ ဆက်သွယ်သောမီးရထားအား မည်သည့်အချိန်တွင် စတင်ပြေးဆွဲမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မော်လမြိုင်မြို့နှင့်နေပြည်တော်သို့ ဆက်သွယ်ထားသော နေပြည်တော်- တောင်ငူ- အိမ်ခြေလေးဆယ်- ဆတ်သွားကုန်း-မော်လမြိုင် ရထားလမ်းပိုင်းသည် ၂၀၀၇ ခုနှစ် ဧပြီလမှစ၍ နေပြည်တော်-မော်လမြိုင်ရထားနှင့် အမှတ်(၁၈၊ ၁၇) မော်လမြိုင်-နေပြည်တော်ရထားများ ပြေးဆွဲပေးခဲ့ပြီး ခရီးသည်စီးနင်းမှု နည်းပါးသည့်အတွက် နိုင်ငံတော်ကအချို့ခံပြေးဆွဲ၍ ဝန်ဆောင်မှုပေးခဲ့ပါကြောင်း။

သို့သော်လည်း နေပြည်တော်-မော်လမြိုင် တိုက်ရိုက်ရထားများ ပြေးဆွဲပေးခြင်း မရှိသေးသော်လည်း ရန်ကုန်-ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းနှင့် ရန်ကုန်-ပဲခူး-တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်းတို့တွင် ခေတ်မီ DEMU ရထားတွဲဆိုင်းများနှင့် ပုံမှန်အမြန်ရထားများ၊ ခရီးတိုရထားများအဖြစ် RBE, BEMU များနှင့် ပဲခူး-တောင်ငူ-နေပြည်တော်လမ်းပိုင်းတွင် အစုနှစ်၊ အဆန်ပြေးဆွဲပေးလျက်ရှိသည့်အတွက် မော်လမြိုင်မှ ပဲခူး၊ ပဲခူးမှ နေပြည်တော်ထိ အဆင်ပြေချောမွေ့စွာချိတ်ဆက်၍ ခရီးသွားလာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ မော်လမြိုင်မှ နေပြည်တော်သို့ တိုက်ရိုက်ရထားများပြေးဆွဲပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **သက်တမ်းလွန် မော်တော်ယာဉ်၊ ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်ပြုမည့်အစီအစဉ်နှင့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင်သက်သေခံလက်မှတ်များပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မှတ်ပုံတင်ထားသည့် ငါးနှစ်ကျော် သက်တမ်းလွန် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၁ (က) ပုဒ်မခွဲ ၃ အရ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေး၍ မရပါကြောင်းနှင့် နယ်မြေဒေသလုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် မှတ်ပုံတင်ထားသည့်ရုံးများသို့ လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကိုသာ နယ်မြေဒေသအခြေအနေအပေါ်မူတည်၍ အထူးကိစ္စတစ်ရပ်အနေဖြင့် ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင်သက်သေခံလက်မှတ် ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် သတ်မှတ်ထားသည့် အထောက်အထားများကိုစိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှဲမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မြို့နယ်ပြည်သူ့ဆေးရုံအတွက် လျှပ်စစ်ဓာတ်အားပေးမီးစက်ပံ့ပိုးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထိန်ဝင်း၏ **ဒေါင့်ကြီးတိုက်နယ်ဆေးရုံအား ပြန်လည်တည်ဆောက်ပေးရန်နှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးတိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်းလုပ်ငန်း လေးခုကို ၂၀၁၈-၂၀၁၉ မှ ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်ထိ လုပ်ငန်း ၃၈ ရာခိုင်နှုန်းစီပြီးစီးခဲ့၍ ငွေပေးချေခဲ့ပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီမှလုပ်ငန်းများပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းစဉ်များကို တိုင်းဒေသကြီးကုသရေးဦးစီးဌာနက စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ၏ ကျန်ရှိလုပ်ငန်းများအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ ပြန်လည်လျာထားပေးမည်ဖြစ်ပြီး တိုက်နယ်ဆေးရုံ အဆောက်အအုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်(အထူးကု) တစ်ဦးကို မည်သည့်အချိန်တွင် တာဝန်ချထားပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဝေါမြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့်အတူ လက်ထောက်ဆရာဝန် လေးဦး၊ သွားနှင့်ခံတွင်းဆရာဝန်တစ်ဦး၊ သူနာပြု ၁၃ ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ဦးရေ ၃၀ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဝေါမြို့နယ်ပြည်သူ့ဆေးရုံသည် ၂၅ ခုတင်ဆုံပြည်သူ့ဆေးရုံဖြစ်ပါသဖြင့် အထူးကုဆရာဝန်များခန့်ထားရန်အတွက် ဖွဲ့စည်းပုံမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ခမ်း၏ **မိုင်းယောင်းမြို့နယ် နမ့်ဟင်းချောင်း လက်ရိုက်ရေလွှဲဆည်အား** စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

ကျောက်စီကွန်ကရစ် ရေလွှဆည်တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော်က မိုင်းယောင်းမြို့နယ်ရှိ နောင်ဘိုးကျေးရွာအနီး နမ့်ဟင်းချောင်းပေါ်တွင် ဒေသခံတောင်သူများ၏ ကိုယ့်အားကိုယ်ကိုး လက်ရိုက်ရေလွှဆည်ဖြစ်သည့် နောင်ဘိုးလက်ရိုက် ရေလွှဆည်ကို အခိုင်အမာကျောက်စီကွန်ကရစ် ရေလွှဆည်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန်အတွက် လိုအပ်သည့်ရန်ပုံငွေကို သင့်လျော်ရာဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် မိုင်းနုန်းကျေးရွာ နမ့်နုန်းချောင်းခမ်းနဲ့ရေလွှဆည် ချောင်းဘေးကမ်းပါး ပြိုကျပျက်စီးမှုနှင့် ကျန်ရှိသည့် ကျောက်စီရေသွယ်မြောင်းအား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော်က မိုင်းခတ်မြို့နယ် နမ့်နုန်းချောင်းခမ်းနဲ့ရေလွှဆည် ချောင်းဘေးကမ်းပါးသည် ၂၀၂၆ ခုနှစ်တွင် ချောင်းရေတိုက်စားမှုကြောင့် ချောင်းပေါင်း အလျား ပေ ၆၀ ခန့်ထပ်မံကျိုးပေါက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နမ့်နုန်းချောင်း ချောင်းလမ်းကြောင်း ပြောင်းလဲစီးဆင်းမှုကို ပြန်လည်ပိတ်ဖို့ခြင်း၊ ချောင်းအတွင်းပို့ချလျက်ရှိသည့် သဲနုန်းများကို တူးဖော်၍ ချောင်းပေါင်းဆင့်ခြင်း၊ ရေပေးမြောင်းထပ်မံထိခိုက်ပျက်စီးမှုမဖြစ်စေရေးအတွက် ရေပေးမြောင်းပေတိုင် သဲထုတ်ရေတံခါးနှင့် ရေဆိုးထုတ်မြောင်းတည်ဆောက်ခြင်း လုပ်ငန်းနှင့် တူးမြောင်းပုံစံကျ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတို့ကိုဆောင်ရွက်နိုင်ရန်အတွက် အနီးစပ်ဆုံး သင့်လျော်ရာဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **မိုးဗြဲရေကာတာမှ မှုံပြာကျေးရွာထိ မြောင်းတစ်လျှောက် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန်နှင့် ရေမိုင်နာမြောင်းများပြုပြင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုးဗြဲတမံမှ မှုံပြာရွာထိ လက်ဝဲမြောင်းမကြီးအလျား ၅၆၂၃၄ ပေမှ လိုအပ်သည့်နေရာများ၌ အပိုင်းလိုက် အလျား ပေ ၁၈၀၀ ခန့်ကို ကွန်ကရစ်လိုင်နင်စီထားပြီး ဖြစ်ပါကြောင်း။

ထို့ပြင် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် လက်ဝဲမြောင်းမကြီးမှ သဲနုန်းတူးဖော်ရန် လိုအပ်သည့်အပိုင်းအလိုက် အလျားပေ ၂၀၂၅၀ ကို မြောင်းပုံစံကျတူးဖော်ပြုပြင်ခြင်း၊ လက်တံ(၁)မြောင်းမှ လိုအပ်သည့် အပိုင်းအလိုက် အလျား ပေ ၂၅၀၀ ကို မြောင်းပုံစံကျတူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်း၊ လက်တံ(၂)မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျား ပေ ၂၆၀၀ ကို မြောင်းပုံစံကျတူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်း၊လက်တံ(၃) မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျား ပေ ၁၄၀၀ ကို မြောင်းပုံစံကျတူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိုးဗြဲဆည်ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းများ ရေရှည်တည်တံ့ပြီး ထိရောက်အကျိုးရှိစွာ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် မြောင်းပုံစံကျသဲနုန်းတူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လျာထားစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးတင်သွင်းသည့် **"စာပေနှင့် ယဉ်ကျေးမှု၊ ရိုးရာထုံးစံများ မပျောက်မပျက်စေရေးအတွက် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာမူဝါဒနှင့် စာပေရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ (တစ်ခု)ရေးဆွဲပြီး တိတိကျကျ ပြဋ္ဌာန်းသင့်ကြောင်း အဆို"**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်က လူမှုကွန်ရက်စာမျက်နှာများပေါ်က မြန်မာစာအရေးအသားများကို အထောက်အထားပြု၍ နိုင်ငံသုံးဘာသာ၊သင်ကြားရေးဘာသာ၊ဆက်သွယ်ရေးဘာသာဆိုသည့် အင်္ဂါရုပ်သုံးခုဖြင့် ပြည့်စုံသောမြန်မာစာသည် နိမ့်ကျရုံမျှမက ပျက်စီးစပြုနေပြီဆိုသည့် လိမ္မော်ရောင်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုတွင် မြန်မာဟူသည် ဂုဏ်ယူနိုင်လောက်သည့် ထိပ်တန်းစာရင်းဝင်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်ပြီး လူမျိုးပျောက်လျှင် နိုင်ငံပါပျောက်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုဆိုသည်မှာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းရမည့် အမျိုးသားဇာတိဥပဓိဖြစ်ပါကြောင်း။

သို့ဖြစ်၍ စာပေ၊ ယဉ်ကျေးမှု၊ ထိန်းသိမ်းသင့်သည့် ဓလေ့ထုံးစံများ မပျောက်မပျက်စေရေးအတွက် စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒလောက်မျှဖြင့် မလုံလောက်ပါကြောင်း၊ ဥပဒေတစ်ရပ် ခိုင်ခိုင်မာမာနှင့် ၎င်း၏နည်းဥပဒေ တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း အဆိုကိုထောက်ခံဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက အမျိုးသားဘာသာ၊ စာပေနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်စေရန် အမျိုးသားအဆင့်မူဝါဒနှင့် သီးခြားဥပဒေ၊ နည်းဥပဒေများကို တိကျစွာပြဋ္ဌာန်းခြင်းသည် နိုင်ငံ၏မွေးရာပါ အမွေအနှစ်များနှင့် မျိုးဆက်သစ်တို့၏ အသိဉာဏ်အဆင့်အတန်းကို တရားဝင်အာမခံချက်ပေးနိုင်ရန်အတွက် အလွန်အရေးကြီးပါကြောင်း၊ အမျိုးသားဘာသာနှင့်စာပေထိန်းသိမ်းရေး လိုအပ်ချက်များ၊ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းခြင်း၊ ဒီဂျစ်တယ်ခေတ်နှင့် နိုင်ငံတကာယဉ်ကျေးမှုများ ဝင်ရောက်လာမှုကြောင့် လူငယ်များစွာသည် မိခင်ဘာသာစကားနှင့် စာပေအပေါ်စိတ်ဝင်စားမှုလျော့နည်းလာခြင်းကို ဥပဒေဖြင့် ကာကွယ်ရန်လိုအပ်ပါကြောင်း။

ခေတ်မီတိုးတက်မှုနှင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု စရိုက်လက္ခဏာများ မဆုံးရှုံးစေရန် ပညာရေးသင်ရိုးညွှန်းတမ်းများတွင် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို စနစ်တကျထည့်သွင်း ပြဋ္ဌာန်းသင့်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို တရားမဝင်ဖျက်ဆီးမှု မှားယွင်းစွာလိမ်လည်ပြောင်းလဲခြင်းအတွက် ဥပဒေအရပြစ်ဒဏ်များ သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း အဆိုကိုထောက်ခံဆွေးနွေးသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းခြင်းသည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရုံဖြင့်ပြီးမြောက်သွားမည့်ကိစ္စမဟုတ်ပါကြောင်း၊ မျိုးဆက်သစ်များ လက်ဆင့်ကမ်းအသုံးပြုနိုင်ရေး၊ ပညာရှင်များ၏ အသိပညာကို မှတ်တမ်းတင်ရေး၊ ဒေသခံလူထု၏ ပါဝင်မှုကို အားပေးရေးနှင့် လိုအပ်သော အရင်းအမြစ်များကို ရေရှည်ပံ့ပိုးရေးတို့ဖြင့်သာ အမွေအနှစ်များကို အခွန့်ရှည်တည်တံ့စေနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့၏ ရည်မှန်းချက်သည် ဥပဒေများ များပြားလာရေးမဟုတ်ဘဲ ဥပဒေများ၏ အကျိုးသက်ရောက်မှုပိုမိုကောင်းမွန်လာရေး၊ ဘဏ္ဍာငွေများ ထိရောက်စွာအသုံးချနိုင်ရေးနှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာအမွေအနှစ်များ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းနိုင်ရေးပင်ဖြစ်သင့်ပါကြောင်း။

စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့် လက်ရှိအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ပြည့်စုံစွာစိစစ်သုံးသပ်ရန်၊ လက်ရှိဥပဒေများကို အကောင်အထည်ဖော်ရာတွင် လိုအပ်နေသော ဘတ်ဂျက်၊ နည်းပညာ၊ သုတေသနနှင့် လူစွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးရန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ထပ်နေမှုများကို ရှောင်ရှားပြီး ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသခံလူထုတို့ကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ဥပဒေအသစ်တစ်ရပ် လိုအပ်၊ မလိုအပ်ကို အချက်အလက်နှင့် ဥပဒေရေးရာ စိစစ်ချက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ပေးရန် တို့ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေအသစ်ပြဋ္ဌာန်းရေး ချက်ချင်းဆောင်ရွက်ခြင်းထက် လက်ရှိအကောင်အထည်ဖော်မှုကို ဦးစွာစိစစ်သုံးသပ်ပြီး လိုအပ်သည့်အားဖြည့်မှုများကို ဆောင်ရွက်ရန်ဦးစားပေးသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာထုံးတမ်းစဉ်လာများ၏ သဘောသဘာဝ၊ ထိန်းသိမ်းရေးနည်းလမ်းများ မတူညီကြသဖြင့် ကဏ္ဍအလိုက်တာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများလည်း ကွဲပြားပါကြောင်း၊ ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့များထိန်းသိမ်းမြှင့်တင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မူဝါဒများနှင့် နိုင်ငံတော်အဆင့် စီမံချက်များချမှတ်ထားပြီးဖြစ်သကဲ့သို့ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် အားသွန်ခွန်စိုက် ဦးဆောင်ဦးရွက်ပြုပြီး ဝန်ကြီးဌာနများက ဆောင်ရွက်နေကြကာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများတွင် လိုအပ်သောပြဋ္ဌာန်းချက်များ ပါဝင်ပြီးဖြစ်ပါကြောင်း။

ယနေ့ပြောင်းလဲလာသည့်ခေတ်ကာလအခြေအနေများအရ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များသည် အဆိုတွင် ပါဝင်သောလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွှမ်းခြုံနိုင်မှုအားနည်းချက်များ ရှိလာခြင်းအတွက် ပိုမိုထိရောက်သော ပြဋ္ဌာန်းချက်များရှိလာပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုလွှတ်တော်များမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းတိုင်ပင်၍ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ပြဋ္ဌာန်းနိုင်ကြပါရန်နှင့် အဆိုပါလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တော်များအနေဖြင့်လည်း မိမိတို့ သက်ဆိုင်ရာနယ်မြေများတွင် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ကြပါရန်၊ ဒေသခံပြည်သူများကိုလည်း စည်းရုံးဆောင်ရွက်ပေးနိုင်ကြပါရန်နှင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို အလေးအနက်ထားကာ သက်ဆိုင်ရာဝန်ကြီးဌာနက မှတ်သားထားရှိပြီး ၎င်းအဆိုပြုချက်အပေါ် မှတ်တမ်းတင်စောင့်ကြည့်သွားသင့်ကြောင်း လွှတ်တော်၏ အဆုံး အဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုအား မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်က လွှတ်တော်သို့ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျော့ပေါ့ခွင့်ပြုသူများ

၁။ လျော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျော့ပေါ့ပေးနိုင်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗုန်းမြတ် ကြည့်ရှုစစ်ဆေး





နေပြည်တော် အောက်တိုဘာ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာနက မိတ္ထီလာခရိုင် ကန်နီကျေးရွာအုပ်စု ညောင်ကုန်း(အရှေ့)ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်ခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗုန်းမြတ်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ဒေသခံတောင်သူများကို ရာသီသီးနှံမျိုးစေ့များ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကန်ဆွယ်ကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနောက်ပြက္ခရွေတောင်ပေါ်ရှိ စွယ်တော်မြတ်စေတီသို့ ဖောက်လုပ်ထားရှိသည့် တောင်တက်မြေသားလမ်း လေးမိုင်ဖောက်လုပ်ပြီးစီးမှု လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်လမ်း၊ Box Culvert၊ ကျောက်စီရေမြောင်း၊ ကွန်ကရစ်ရေကျော်၊ ကွန်ကရစ်မြေထိန်းနံရံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ပြိုင်ပွဲကျင်းပမည်မှ

ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ၊ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာစိတ်ကူး၊ စိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းတီထွင်ဖန်တီးမှု အနုပညာလက်ရာနှင့်ကျွမ်းကျင်မှု၊ ရုပ်ပုံဖွဲ့စည်းမှု၊ အမျိုးအစားပေးလိုသော သတင်းစကားနှင့် ထူးခြားမှု၊ မြန်မာအင်္ဂေ့အသက်နှင့် အာကာသနယ်ပယ် ဟန်ချက်ညီညီ ပေါင်းစပ်ထားရှိမှု စသည့်အချက်များ အပေါ်တွင် အမှတ်ပေးသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်သည့်အပြင် ပါဝင်ယှဉ်ပြိုင်သူအားလုံးကိုလည်း Certificate များ၊ အမှတ်တရလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်သည်။

အခြေခံပညာမူလတန်းအဆင့် ဆုရရှိသူများကို ပထမဆု ငါးသိန်းကျပ်၊ ဒုတိယဆု လေးသိန်းကျပ်၊ တတိယဆု သုံးသိန်းကျပ်၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် ငွေကျပ် နှစ်သိန်းစီဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆု ခုနစ်သိန်းကျပ်၊ ဒုတိယဆု ခြောက်သိန်းကျပ်၊ တတိယဆု ငါးသိန်းကျပ်၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် ငွေကျပ်သုံးသိန်းစီဖြင့်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ဆုရရှိသူများကို ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ကိုးသိန်းကျပ်၊ တတိယဆု ရှစ်သိန်းကျပ်၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် ငွေကျပ်ခုနစ်သိန်းစီဖြင့်လည်းကောင်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် အခြေခံပညာမူလတန်းအဆင့်၊ နိုဝင်ဘာ ၁၁ ရက်တွင် အခြေခံပညာအလယ်တန်းအဆင့်၊ နိုဝင်ဘာ ၁၂ ရက်တွင် အခြေခံပညာအထက်တန်းအဆင့်တို့မှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့သက်ဆိုင်ရာ ကျောင်းများမှတစ်ဆင့် နိုဝင်ဘာ ၄ ရက် နောက်ဆုံးထား၍ နေပြည်တော်ကောင်စီပညာရေးမှူးရုံးသို့ စာရင်းပေးသွင်း လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နေပြည်တော်(ပြန်/ဆက်)

◆ ယူ-၁၉ ပြိုင်ပွဲမှ

နံနက် ၁၀ နာရီက ရွှိုင်ရယ်နာကာအသင်းနှင့် Gold Dream အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Gold Dream အသင်းက ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက MIU FC အသင်းနှင့် Burmese Warriors အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ MIU FC အသင်းက ၁၄ ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီက ပစိဖိတ်ဆမ်းဖားအသင်းနှင့် ယူနိုက်တက်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပစိဖိတ်ဆမ်းဖားအသင်းက ၁၃ ဂိုး လေးဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲက JV FC အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ JV FC အသင်းက ခုနစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီက ULAD FC အသင်းနှင့် YCDC Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ YCDC Dream Team အသင်းက ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) အပြီးတွင် ပစိဖိတ်ဆမ်းဖားအသင်းက ၁၃ ပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံး ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးက ဆက်လက် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

STA

❑ တိုက်ရိုက်ထုတ်လွှင့်မည်မှ

အဆိုပါပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် **(ယနေ့)** နံနက် ၈ နာရီခွဲတွင် MICC -၂ ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD၊ MRTV-Entertainment၊ MRTV – NRC Channel တို့အပြင် MRTV နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ရုပ်သံလိုင်းများဖြစ်သော Readers' Channel၊ Channel 9၊ Sky Net Up to Date၊ Channel K၊ YTV နှင့် Channel 24 တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD-HD Channel၊ MWD Variety – HD Channel နှင့် MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM၊ Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✱ ဆိုင်ကလုန်းမုန်တိုင်းမှ

မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်အတွင်း၌ ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) “အာနာဘ်” အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်” သည် အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ နောက် ၂၄ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ **(မိုး/၈လ)**



● မြန်မာအမျိုးသမီးလိဂ်မှ

အဆိုပါပွဲစဉ်တွင် ပွဲချိန် ၁၅ မိနစ်၌ ခါဝသုန်က Young Lionesses အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၂၇ မိနစ်တွင် ဝင်းသူဇော်အောင်က ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲသရေ ရမှတ် ၁၊ ၁ ဖြင့် ပွဲကို ခွဲခြားနိုင်ခဲ့ကြသည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၅၆ မိနစ်တွင် ဆောင်းနွင်းဖွေး၊ ပွဲချိန် ၈၇ မိနစ်တွင် စန္ဒာအောင်၊ ပွဲချိန် ၉၂ မိနစ်တွင် ယုယနိုင်တို့က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁)အပြီးတွင် ISPE အသင်းက ၁၀ ပွဲနိုင် တစ်ပွဲသရေ ရမှတ် ၃၁ မှတ်ဖြင့်အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

STA

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခန့်ထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၂၈

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခန့်ထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခန့်ထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်သူ့စွမ်းအားထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်ထံ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။

❖ ဥပဒေဘောင်အတွင်းဝင်ရောက်မှ

ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် ၁၅ ဦး၊ PLF အဖွဲ့ဝင်တစ်ဦးနှင့် PDF အဖွဲ့ဝင် ၁၂ ဦး၊ စုစုပေါင်း ၂၈ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ကျင်းပသည်။

ထိုသို့ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများမှာ AA အဖွဲ့ဝင်များဖြစ်သော ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်မှ အမျိုးသား ငါးဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ ပေါက်တောမြို့နယ်မှ အမျိုးသား တစ်ဦး၊ မြောက်ဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မင်းပြားမြို့နယ်မှ အမျိုးသား တစ်ဦး၊ စုစုပေါင်း AA အဖွဲ့ဝင် ၁၅ ဦး၊ PDF အဖွဲ့ဝင်များဖြစ်သော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့မှ အမျိုးသား ခြောက်ဦး၊ ကြံခင်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်တုန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်မှ အမျိုးသား တစ်ဦးအပါအဝင် စုစုပေါင်း PDF အဖွဲ့ဝင် ၁၂ ဦးနှင့် PLF အဖွဲ့ဝင်ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ အမျိုးသား တစ်ဦး စုစုပေါင်း ၂၈ ဦးတို့ဖြစ်ကြောင်း သိရသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို အသိပညာပေး အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် အမ်အေ-၁ သုံးလက်၊ အမ်အေ-၃ တစ်လက်၊ အမ်-၂၂ တစ်လက်၊ အမ်အေ-၁၁ တစ်လက်၊ Type -81 တစ်လက်၊ ပါရီအမျိုးအစား မောင်းပြန်ရိုင်ဖယ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ၁၁ ခု၊ ကျည်မျိုးစုံ ၁၉၁ တောင့်တို့ကိုလွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် သေနတ် ၁၀ လက်အတွက် ကျပ်သိန်း ၅၀၀ နှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၂၈ ဦးအတွက် ငွေကျပ် ၈၄ သိန်း စုစုပေါင်းချီးမြှင့်ငွေကျပ် ၅၈၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အခမဲ့မှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်း မရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော် ၂၀၂၄ ခုနှစ် ၈ လပိုင်း ၁၅ ရက်နေ့ကျတော့ ရွာကို စောကရင် ဆိုတဲ့ တပ်ခွဲမှူးဝင်လာပါတယ်။ ဝင်ပြီးတော့ တစ်အိမ်တစ်ယောက် မဲနှိုက်ခိုင်းပါတယ်။ မဲနှိုက်တော့ မနှိုက်ဘူးလို့ ပြောတဲ့အခါကျတော့ တစ်အိမ်တစ်ယောက်ကို ဖမ်းဆီးခေါ်သွားပါတယ်။ ပြီးတော့ ကျွန်တော်တို့ကို ကားပေါ်တင်ပြီးတော့ ရင်း(၉)ကိုပို့ပါတယ်။ ရင်း(၉)မှာ သင်တန်းသုံးလတက်ပါတယ်။ အလုပ်ကပြီးရင် ကျွန်တော်တို့ သင်တန်းနောက်ထပ် ထပ်တက်ပါတယ်။ တက်တဲ့အချိန်မှာ ကျွန်တော်တို့ကို သင်တန်းသားရိုက်နည်း ရိုက်တာမဟုတ်ပါဘူး။ သူ့ရဲ့စိတ်မှာ ရဲဘော်တစ်ယောက်ကိုရိုက်သလို ရိုက်တာ မဟုတ်ပါဘူး။ နင်းကန်နှိပ်စက်နေတာပါ။ ကျွန်တော်တို့ သင်တန်းသုံးလမှာ လက်နက်ငယ်သင်တန်း၊ တိုက်ခိုက်ရေး သင်တန်း၊ ပြီးရင် ကုန်းထိုး ကျားထိုးတာတွေ သင်ပေးတယ်။ ပြီးရင် ခြံစည်းရိုး ဖြတ်တဲ့နည်းတွေ အဲ့ဒါမျိုးတွေ ကျွန်တော်တို့ကို သင်ပေးပါတယ်။ ကျွန်တော် သင်တန်းဆင်းပြီးတော့ ကျွန်တော်တို့ ဧရာဝတီရိုးမစစ်ကြောင်း တပ်ရင်း ၃ ကို ကျွန်တော်တို့ကို ပို့ပါတယ်။ တိုက်တဲ့အချိန်မှာ PDF နှစ်ဦး ကျဆုံးခဲ့ပါတယ်။ ယုံကြည်ချက်မရှိဘဲ ကျွန်တော်အဲ့ဒီထဲ ရောက်သွားတာပါ။ ပြေးခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ ညောင်အိုင်ရွာကနေပြီးတော့ ကွင်းကလေးကိုပြေးပါတယ်။ ပြေးတဲ့အချိန်မှာ ကျွန်တော်တို့ကို ကွင်းကလေးရွာထိပ်ကနေ ပြန်ဖမ်းပါတယ်။ ဖမ်းပြီးတော့ ကျွန်တော်တို့ကို ၁၅ ရက် ခြောက်ပေါက်ချုပါတယ်။ လက်နက် ခဲယမ်းတွေလဲ သိမ်းသွားပါတယ်။ ထပ်ပြေးလဲပြေးရော ကျွန်တော်တို့ တပ်မတော်အဖွဲ့တွေနဲ့ တွေ့ပါတယ်။ တပ်မတော်နဲ့ချိတ်ဆက်ပြီး တပ်မတော်အဖွဲ့တွေကလဲ ပုသိမ်ဘက်ကို ကျွန်တော်တို့ကို ပို့လိုက်ပါတယ်။ တပ်မတော်ထံ အလင်းဝင်တော့ ကျွန်တော်တို့ကို ရိုက်လဲ မရိုက် ပုတ်လဲမပုတ်ပါဘူး။ ကျွန်တော်တို့ တပ်မတော်အဖွဲ့ထဲကို အလင်းဝင်မယ် ဆိုရင် PDF သူပုန်တွေက ကျွန်တော်တို့ကို ပြောပါတယ် မင်းတို့ တပ်မတော်ထဲဝင်ရင် သတ်မှာဖြတ်မှာ မင်းတို့ကို အရှင်မထားဘူး။ မင်းတို့ကို သတ်ပြီးတော့ ရေထဲမျှောပစ်မှာလို့ ပြောပါတယ်။ ကျွန်တော်တို့ အလင်းဝင်တဲ့အခါကျတော့ တပ်မတော်က ကောင်းမွန်စွာကျွေးပါတယ်။ ဒီက အရာရှိ ပုဂ္ဂိုလ်တွေကလဲ မနက်စာကို ထမင်းကြော်ရယ် လက်ဖက်ရည်ရယ် တိုက်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်ရောက်လာတဲ့သူတွေကို တပ်မတော်မှာရှိတဲ့ တာဝန်ရှိသူတွေနဲ့ အစိုးရမှာရှိတဲ့ တာဝန်ရှိသူတွေက အခမ်းအနားနဲ့ကြိုဆိုခဲ့ပါတယ်။ ပြီးရင် ကျွန်တော်တို့ကို ထောက်ပံ့ကြေးငွေတွေလဲ ပေးခဲ့ပါတယ်။ မိသားစုနဲ့ ပြန်ဆုံခွင့်ရအောင် လုပ်ပေးထားတဲ့ တပ်မတော်မှာရှိတဲ့ တာဝန်ရှိသူတွေကိုလဲ ကျွန်တော်တို့ အလင်းဝင်ညီအစ်ကိုတွေက အထူးပဲကျေးဇူးတင်ရှိပါတယ်။ PDF အကြမ်းဖက်အဖွဲ့ထဲမှာရှိတဲ့ သူငယ်ချင်းတွေအကုန်လုံးကို ကျွန်တော်က ဒီကပဲဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော်တို့ ဒီမှာထားတာ နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ဟိုဘက်မှာ နေရတာက ချုံကြိုချုံကြား၊ မြောင်းကြိုမြောင်းကြားမှာ အိပ်နေရတဲ့ သူငယ်ချင်းအပေါင်းတို့ကို ဒီကပဲ ခေါ်ချင်ပါတယ်။ တပ်မတော်ကလဲ နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ တကယ်လို့ လာချင်ခဲ့သည်ဖြစ်ရင် တပ်မတော်ကို ချိတ်ဆက်လုပ်ပြီးတော့ အလင်းဝင်လာခဲ့ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်" ဟု ပြောသည်။

"ကျွန်တော် AA ထဲကို ရောက်သွားတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်ကို ကျွန်တော်နေတဲ့ ရပ်၊ ရွာမှာလာပြီးတော့ စစ်မှုထမ်းဖို့ မင်းငါတို့နဲ့သင်တန်းတက်ဖို့ ဒီတစ်ခေါက်မှာ လိုက်ခဲ့ပေါ့ ကျွန်တော့်ကို ခေါ်သွားတယ်။ ဒီတစ်ခေါက်မှာ မင်းလိုက် ရင်လိုက်၊ မလိုက်လို့ရှိရင် နောက်တစ်ခါ ဆိုလဲ မင်းတို့တွေ မဖြစ်မနေ ဒီထဲကို ဝင်ရမှာပဲဆိုပြီးတော့ ငါခေါ်တဲ့ ဒီတစ်ခေါက်မှာ လိုက်ရင်လိုက် မလိုက်လို့ရှိရင် နောက်တစ်ခေါက်ကျလို့ရှိရင် မင်းမင်းအိမ်ကိုလဲ ပြန်လာရမှာမဟုတ်ဘူး။ ငါ ဒီတစ်ခေါက်ခေါ်တယ်ဆိုတာ မင်းတို့ကို စေတနာရှိလို့ခေါ်တာပေါ့။ အဲ့ဒီလိုမျိုး ကျွန်တော့်ကိုပြောပြီးတော့ ကျွန်တော့်ကို ခေါ်သွားတယ်။ အလင်းသာကို ပို့တယ်။ အလင်းသာတောကျောင်းဆိုတဲ့ နေရာမှာ ကျွန်တော်သင်တန်းတက်ရတယ်။ ကျွန်တော်တို့ရဲဘော်တွေပဲ ရှေ့တန်းမှာ နေရတယ်။ သူတို့ကတော့ နောက်ကနေ နေတယ်။ ကျွန်တော်တို့ကတော့ ရှေ့မှာတိုက်ရတာပေါ့။ အသေခံပြီးတော့ ကုန်းတစ်ကုန်းထိုးလို့နိုင်သွားရင်ကောင်းတယ်။ မနိုင်ဘဲနဲ့ ပြန်ဆုတ်သွားရင်လဲ နောက်က တပ်ခွဲမှူးဆိုတဲ့လူက သေနတ်ကို မောင်းတင်ပြီး စောင့်နေတယ်။ မင်းတို့ လုံးဝဆုတ်မိန့် မရှိဘဲနဲ့ လုံးဝမဆုတ်ရဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ထဲကပဲ သူငယ်ချင်း တစ်ယောက်နဲ့ တွေ့ပြီးတော့ အဲ့ဒီသူငယ်ချင်းနဲ့ ကျွန်တော်တိုင်ပင်တယ်။ အေး ငါတို့ ဒီထဲမှာနေလို့ ရှေ့ဆက်ပြီးနေလို့ရှိရင် ဘာမှအကျိုးမရှိ ငါတို့အသက်တွေ ဆုံးရှုံးသွားတာပဲရှိမယ်။ ကျွန်တော်တို့ နှစ်ယောက် ထွက်ပြေးဖို့တိုင်ပင်ကြပါတယ်။ တိုင်ပင်ပြီးတော့ ကျွန်တော်တို့ နှစ်ယောက် ထွက်ပြေးလာတယ်။ ရဲစခန်းကို ကျွန်တော်တို့ အဆက်အသွယ်လုပ်တယ်။ ရဲစခန်းက ရဲတွေလာပြီးတော့ ကျွန်တော်တို့ကို ခေါ်တယ်။ ကျွန်တော်တို့ကို ပုသိမ်ပို့တယ်။ ပုသိမ်ပို့ပေးတဲ့ အချိန်မှာလဲ ပုသိမ်ရောက်တာနဲ့ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးပဲ ကြိုဆိုကြပါတယ်။ နွေးနွေးထွေးထွေး ကြိုဆိုတဲ့အပြင် ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန်ပဲ ထားပါတယ်။ ကျွန်တော်တို့အလင်းဝင်လာတဲ့ လူတွေကို နိုင်ငံတော်နဲ့ တပ်မတော်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက ကျွန်တော်တို့ကို အခမ်းအနားကြီးတွေနဲ့ လုပ်ပေးတယ်။ ပြီးလို့ရှိရင် ထောက်ပံ့ကြေးငွေလဲ ပေးပါတယ်။ ပြီးလို့ရှိရင် မိဘတွေနဲ့ကွဲကွာနေတဲ့ လူတွေကို မိဘတွေနဲ့လဲ အဆက်အသွယ်ရအောင် လုပ်ပေးတယ်။ နိုင်ငံတော်နဲ့ တပ်မတော်က တာဝန်ရှိတဲ့လူတွေ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လိုပဲ အလင်းလာဝင်ကြပါ။ ကိုယ့်ဘဝ ခံယူချက် ဘာမှမရှိဘဲနဲ့ အဲ့ဒီမှာ ဆက်ပြီးတော့ မနေကြပါနဲ့၊ ကျွန်တော် အားလုံးကို ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။ (၅၀၁)





ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ



မန္တလေး အောက်တိုဘာ ၂၈

ရတနာပုံ မန္တလေးမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်း တရားကြီး တည်ထားတော်မူခဲ့သည့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ၁၃၆ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် လေးပြင်လေးရပ်မှ ပင့်သံဃာ အပါး ၂၂၀၀ အား သံဃာ့ဒါနဆွမ်းသပိတ်လောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်စေတီတော်တို့တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌ အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘုရားဖူးဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုလှူလောင်းလှူကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအား ဖူးမြော်ကြည်ညိုပြီး ရင်ပြင်တော်အင်္ဂါထောင့်တွင် သံဃာ့ဒါနဆွမ်းသပိတ်များ လောင်းလှူကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုဌေးများ ဆက်ကပ်လောင်းလှူကြပြီး ရင်ပြင်တော်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား သံဃာ့ဒါန ဆွမ်းသပိတ်များ လောင်းလှူနေမှုများကို လိုက်လံကြည့်ရှု ကြည်ညိုခဲ့ကြကြောင်းနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညိ လာဇရို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုခရီးစဉ် လာရောက်



နေပြည်တော် အောက်တိုဘာ ၂၈

၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညိ လာဇရို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်ထိ လူသားချင်းစာနာမှုခရီးစဉ် လာရောက်လျက်ရှိသည်။

အထူးကိုယ်စားလှယ်နှင့်အဖွဲ့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိချိန်၌ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် AHA Centre မှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ အာဆီယံသံရုံးများမှ သံတမန်များပါဝင်သော အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့ (ASEAN Monitoring Team–AMT) နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ စိန့်ဖော်စတီနာနိဗီရှိတ်ဘုရားကျောင်း၊ တောင်ကြီးမြို့နယ် ညီမီးဘုရားကုန်းကျေးရွာတို့၌ AHA Centre မှ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့်ပေးအပ်သည့် လူသားချင်းစာနာမှု အကူအညီများဖြစ်သည့် ဆန်၊ မိသားစုသုံးပစ္စည်း၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို အကူအညီလိုအပ်နေသူများထံ ထောက်ပံ့ပေးအပ်နေမှုများကို လေ့လာကြည့်ရှုသည်။

ညနေပိုင်းတွင် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် တောင်ကြီးမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင် ရောက်ရှိခဲ့သည်။ နေပြည်တော်လေဆိပ်သို့ ရောက်ရှိချိန်တွင် အထူးကိုယ်စားလှယ်နှင့်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ


	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၉ ~ ၃၆၇၁	၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၆,၈၃၅,၀၁၇.၄၂	-	၁၀,၄၁၄,၀၂၂.၉၁	-

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကချင်ပြည်နယ် ချီဖွေမြို့နယ် ပန်ဝါမြို့ ချန်းမောအိမ်ရာ(၁၇) အမှတ်(၃)ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** သည် ယင်းပါတီ၏ အမည်ကို **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)**ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီ၏အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)၏ အလံပုံစံ



ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာစွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များတိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-





“တပ်မတော် စစ်သမိုင်းပြတိုက်မှာဆိုရင် မြန်မာနိုင်ငံရဲ့အဖိုးတန်အမွေအနှစ်တွေ၊ သူရဲကောင်းတွေ၊ သူတို့ရဲ့ ရုပ်တုပုံတွေ နောက်ပြီး ပထမဆုံးသမ္မတစီးခဲ့တဲ့ ကားနဲ့ ကြည်း၊ ရေ၊ လေ ပြကွက်တွေကို လေ့လာခဲ့ရပါတယ်ရှင့်။ ကြည်းမှာဆိုရင် တင့်ကားတွေ၊ အမြောက်တွေ၊ ဒီလို အကြောင်းအရာတွေ ကြည့်ခဲ့ရတယ်၊ နောက်ပြီး ရေမှာဆိုရင် သင်္ဘောကြီးတွေ ပေါ့နော် ပထမဆုံးစစ်သင်္ဘောပေါ့ အဲ့ဒီလို အကြောင်းအရာတွေ ကြည့်ခဲ့ရတယ်။ နောက်ပြီး လေမှာဆိုလို့ရှိရင်တော့ စစ်လေယာဉ်တွေ အမျိုးအစားအများကြီး ပေါ့နော် ဒါတွေကိုသေချာလေ့လာခဲ့ပါတယ် ဘာလို့လဲဆိုတော့ ကလေးတွေအတွက် အမျိုးသားရေးစိတ်ဓာတ်ရှင်သန်ထက်မြက်စေတယ်၊ နောက်ပြီးတော့ လွတ်လပ်ရေးအတွက် လှုပ်ရှားခဲ့ကြတဲ့ တပ်မတော်ရဲ့ သမိုင်းကြောင်းတွေ၊အမျိုးသားရေးလှုပ်ရှားမှုတွေ သိခွင့်ရတာဂုဏ်ယူဖွယ်ရာပေါ့နော်။ အဲ့ဒါလေးတွေကို ကလေးတွေထဲထဲဝင်ဝင် သိရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကြည်းမှာလဲ ပြခန်းကြီး ခြောက်ခု၊ ရေတပ်မှာက ပြခန်း သုံးခု၊ လေတပ်မှာက သုံးခု ကလေးတွေ စိတ်ပါဝင်စားစွာနဲ့ ကြည့်ရှုတာကိုလဲတွေ့ရပါတယ်။ အခုလို မျိုးကလေးတွေကို ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ပတ်သက်တဲ့ ဂုဏ်ယူဖွယ်ရာတွေနောက် ရင်နှင့်ဖွယ်ရာတွေရောပေါ့နော် အားလုံးကိုကြည့်ရှုခွင့်ရတဲ့ အတွက် တကယ်ကိုဝမ်းသာကျေးဇူးတင်မိပါတယ်” ဟုပြောသည်။ (၅၀၁)

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှု ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ် ရေပိုလွှဲမှရေထုတ်လွှတ်လျက်ရှိရာ ယနေ့ည နေပိုင်းတွင် တမံရှိရေ ၂၉၇ ဒသမ ၄၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၇ ဒသမ ၆၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရသည်။





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထို့ပြင် တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချိုန့ယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ခန္ဓီးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်း ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆရာဝန်၊ သူနာပြုများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

■ ရွှေကုက္ကိုလ်နယ်မြေမှ

အပြီးတိုင် လုံးဝပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ် အဆောက်အအုံတစ်လုံးကို ယနေ့ထိ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့ထိ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် သုံးလုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍စနစ်တကျ ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက်အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

လူမှုရေးပင်စင်အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများကို ခြောက်လစာ ထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများကို အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်ထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များက နိုင်ငံသားအသိအမှတ်ပြုကတ်(မူရင်း) ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများက ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၁၁၂၂)၊ ကရင်(၀၉-၇၇၅၄၄၇၄၂)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း (၀၉-၄၃၁၂၅၀၆)၊ တနင်္သာရီ(၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော်(၀၉-၂၅၁၀၇၉၄၆)၊ ပဲခူး(၀၉-၅၀၃၃၇၄၄)၊ မကွေး(၀၉-၂၅၁၃၁၁၃၅)၊ မန္တလေး(၀၉-၇၉၇၄၁၄၂)၊ မွန်(၀၉-၂၆၀၇၄၃၉၁)၊ ရခိုင်(၀၉-၄၂၀၇၆၈၄၅)၊ ရန်ကုန်(၀၉-၄၀၂၈၁၀၆)၊ ရှမ်း(၀၉-၃၆၀၈၃၆၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

MCCT အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် MCCT အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ အကျိုးခံစားခွင့်ရှိသူများကို ခြောက်လစာထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများကို အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများကတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်ထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များက နိုင်ငံသားအသိအမှတ်ပြုကတ်(မူရင်း) ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများက ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၁၁၂၂)၊ ကရင်(၀၉-၄၂၅၀၀၃၇၄၈)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၂၅၈၇၃၆၅၉၀)၊ ရခိုင်(၀၉-၂၅၀၅၉၉၉၈၀)၊ ရှမ်း(၀၉-၃၆၀၈၃၆၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၇၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် အောက်တိုဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/၈၎)

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်













ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယဉ်း ၂၈၁၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲယဉ်းစိုက်ခင်းကို တွေ့ရစဉ်။

ကလေး အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယဉ်း ၂၈၁၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲယဉ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၇၆၉၄ ဧက၊ မင်းကင်းမြို့နယ်တွင် ၄၉၅၅ ဧကက စုစုပေါင်း ၂၈၁၉၉ ဧကတို့ဖြစ်ပြီး ယခု နှစ်အောက်တိုဘာလ စတုတ္ထပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲယဉ်းဧက ၂၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားပါမယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ပဲယဉ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲယဉ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ပေးမည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ

မောင်သောင်းဝင်း(တမန်ဟောင်း)

ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကပင် ပြည်ထောင်စုကြီးအတွင်း စည်းလုံးညီညွတ်စွာအတူတကွနေထိုင်လာခဲ့ကြသည်။ ထို့ပြင် ထုထည်ခိုင်မာသည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကိုလည်း စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာမှုဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ကိုယ်ပိုင်အက္ခရာ၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာတို့ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံ၊ အရောင်အသွေးစုံစွာ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တစ်မူထူးခြားသောဝိသေသကိုယ်စီ ပိုင်ဆိုင်ထားကြသည်။ ယဉ်ကျေးမှုအနုပညာများကလည်း ပန်းပေါင်းစုံဝေဆာဖူးပွင့်နေသည့် ဥယျာဉ်ကြီးတစ်ခုပမာ တည်ရှိနေသည်။

ခေတ်အဆက်ဆက် ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် သူ့ကျွန်ဘဝတွင် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချုံးနှိမ်မှုများကို ခံခဲ့ရသည်။ မြန်မာအနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့သည့်အတွက် ယနေ့ထိ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာ့ရိုးရာသွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက်ဆက်လက်ဖြစ်ထွန်းနေခြင်းဖြစ်သည်။ ဂုဏ်ယူဝင့်ကြွားဖွယ်ပင်ဖြစ်သည်။

ကြိုးပမ်းမှုတစ်ရပ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစည်အလာမပျက်ဆင်နွှဲကျင်းပနိုင်ခြင်းသည် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့်ကြိုးပမ်းမှု တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင်လှုံ့ဆော်ပေးသည့်ကြိုးပမ်းမှုတစ်ရပ်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် အရေးပါသည့်အခန်းကဏ္ဍမှ အထောက်အကူပြုစွမ်းဆောင်ပေးလျက်ရှိသည်။

၂၇ ကြိမ်မြောက်ရှိလာပြီ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ နှစ်စဉ် စဉ်ဆက်မပြတ်ကျင်းပပေးခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ငါးနှစ်ကြာကျင်းပနိုင်ခြင်းမရှိဘဲ ရပ်ဆိုင်းသွားခဲ့သည်။ ၂၃ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပပေးခဲ့ရာ ယခုနှစ်တွင် ၂၇ ကြိမ်မြောက်ရှိပြီဖြစ်သည်။

ထိုသို့ကျင်းပပြုလုပ်ခဲ့သည့် ပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် ဝါသနာရှင်မျိုးဆက်သစ်လူငယ်များသည် ပြိုင်ပွဲကာလတွင် ပညာရှင်အဆင့်အနုပညာရှင်ကြီးများအဖြစ် မြင်တွေ့နေကြရပြီဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝါသနာရှင်သွေးချင်းမောင်နှမများကို အနုပညာအမွေလက်ဆင့်ကမ်းပေးဝေလျက်ရှိရာ အမျိုးသားရေးအတွက် အားရကျေနပ်ဖွယ်ရာပင်ဖြစ်သည်။

ဦးတည်ချက်လေးရပ်ဖြင့်ကျင်းပ

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဟူသည့် ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပနေခြင်းဖြစ်သည်။



ပါဝင်ယှဉ်ပြိုင်လျက်ရှိ

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်ထိ နေပြည်တော်တွင် ခမ်းနားထည်ဝါစွာဖြင့် သိုက်သိုက်ဝန်းဝန်းစည်စည်ကားကား စတင်ကျင်းပနေပြီဖြစ်သည်။ ပြိုင်ပွဲအသီးသီးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးသောဝါသနာရှင်များ၊ မျိုးဆက်သစ်များ၊ ကြီးကြပ်သူများ၊ ပညာရှင်ကြီးများ စုစုပေါင်း ဦးရေ ၂၄၀၀ ကျော်ဖြင့် ပါဝင်ယှဉ်ပြိုင်နေကြပြီဖြစ်သည်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မဟာဂီတ၊ ကာလပေါ်၊ အမျိုးဂုဏ်မြှင့်တင်ရေးတေးသီချင်းများဖြင့် လည်းကောင်း၊ တိုင်းရင်းသားတို့၏ ရိုးရာတူရိယာတိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအကများ၊ ရုပ်သေးကြိုးဆွဲအကများဖြင့်လည်းကောင်း၊ စန္ဒရား၊ ဂီတာ၊ ဒုံမင်း၊ မယ်ဒလင်၊ ဒိုးပတ်၊ အိုးစည်၊ တယော၊ စောင်း၊ နဲ၊ ပလွေ၊ ပတ္တလား စသည့်အတီးအမှုတ်များဖြင့်လည်းကောင်း၊ ရုပ်စုံသဘင်၊ ဇာတ်တော်ကြီး၊ ကွက်စိပ်၊ ဆိုင်း၊ ဆိုင်းဝိုင်းကြီးပြိုင်ပွဲများဖြင့်လည်းကောင်း၊ အရေးပြိုင်ပွဲများဖြင့်လည်းကောင်း တစ်ဦးချင်းနှင့် အဖွဲ့လိုက်ယှဉ်ပြိုင်နေကြပြီဖြစ်သည်။

တစ်စုတစ်စည်းတည်းပါဝင်

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် မျိုးနွယ်စုကြီးများ အတူတကွပေါင်းစည်းထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာနေထိုင်လျက်ရှိကြသည်။ မြန်မာတိုင်းရင်းသားများ၏ တူရိယာပစ္စည်းများတွင် ကွဲပြားခြားနားမှုများရှိသော်လည်း "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်"ဆိုသည့် မြန်မာတို့၏တူရိယာငါးပါးအခြေခံတွင် တစ်စုတစ်စည်းတည်းတူညီစွာ ပါဝင်လျက်ရှိသည်။ အလားတူ တိုင်းရင်းသားအကများတွင်လည်း ကွဲပြားခြားနားမှုရှိသော်လည်း "စည်းနှင့်ဝါး"ကိုအခြေခံသည့် "ခေါင်း၊ ခါး၊ ခြေ၊ လက်"အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြကြခြင်းသာဖြစ်သည်။

ချစ်ကြည်ရင်းနှီးမှုမြှင့်တင်

ထို့ပြင် နှစ်စဉ်ကျင်းပသော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့် အနေဖြင့် ပြည်နယ်အသီးသီး၏ ရိုးရာအကများကို မဲနှိုက်ပြီး မဲကျရာတိုင်းရင်းသားရိုးရာအကကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အနုပညာရှင်များအနေဖြင့် အတူတကွပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြသည်။ ထိုသို့ ဖလှယ်ကြခြင်းအားဖြင့် တစ်ဦး၏ယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာအနုပညာရပ်များဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ပေးမည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ

နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာကိုဖော်ပြရာတွင် ထိုနိုင်ငံ၏ သမိုင်းကြောင်း၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် အနုပညာယဉ်ကျေးမှုတို့သည် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်နေသည်။ အနုပညာသည်လူသားများ၏ စိတ်ခံစားမှု၊ အတွေးအမြင်၊ လူမှုဘဝနှင့် တန်ဖိုးထားမှုများကို ဖော်ပြပေးနိုင်သကဲ့သို့ မျိုးဆက်တစ်ဆက်မှတစ်ဆက်ကို သမိုင်းအမွေအနှစ်များအဖြစ်လက်ဆင့်ကမ်းပေးရာတွင် အရေးပါသည့်ကြားခံတစ်ရပ်လည်းဖြစ်သည်။

မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုလျှင် ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကို တွေ့ရှိနိုင်မည်ဖြစ်သည်။ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့်အရာများဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့်အမွေအနှစ်များလည်းဖြစ်သည်။

ဝါလကင်းလွတ်သီတင်းကျွတ်အခါသမယသည် မိုးလေကင်းစင်သောကာလဖြစ်သည့်အတွက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပသွားရန် အချိန်အခါကောင်းပင်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်အခါသမယတွင် မြန်မာတို့၏ အနုသုခုမပညာရပ်များကို ထုတ်ဖော်လှစ်ဟသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ယှဉ်ပြိုင်လေ့ရှိသည်။ ထိုပြိုင်ပွဲများမှသည် ရှေးဘိုးဘေးဘီဘင်များ ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းအမွေပေးဝေခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်များတင့်တယ်ဝေဆာစွာပေါ်ထွန်းလာမည်မှာ အသေအချာပင်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုကို လှစ်ဟဖော်ထုတ်ပြသကြသည့် အဆို၊ အက၊ အရေး၊ အတီးအနုသုခုမပညာရပ်များသည် ထိရောက်သည့်အကျိုးသက်ရောက်မှုများဖြစ်စေသည်။ ခံစားမှုရသများစုံလင်စွာပါဝင်သည့် အနုသုခုမပညာရပ်များကို ထုတ်ဖော်ပြသခြင်း၊ ကြည့်ရှုခံစားအားပေးခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်များ မြင့်မားတိုးတက်လာစေသည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်သည် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ယဉ်ကျေးမှုဝိသေသလက္ခဏာများဖြစ်၍ ယဉ်ကျေးမှုသည် နိုင်ငံ၏ကြေးမုံပြင်သဖွယ် ထွန်းလင်းတောက်ပ ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းသည် ကိုယ်ပိုင်ယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားကြသကဲ့သို့ အစဉ်အဆက် ထွန်းလင်းတောက်ပခဲ့သည့် ကိုယ်ပိုင်ယဉ်ကျေးမှုများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော အနုသုခုမပညာရှင်များ၊ ဝါသနာရှင်များ၊ မျိုးဆက်သစ်များကို ဖော်ထုတ်ကြရသည်။ ထို့ကြောင့် အစိုးရအဆက်ဆက်သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဤသို့ စဉ်ဆက်မပြတ်ဖော်ထုတ်မြှင့်တင်ပေးခဲ့ကြသဖြင့် အစဉ်အလာကြီးမားခဲ့သည့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်များစဉ်ဆက်မပြတ်တောက်ပြောင်နေခြင်းပင်ဖြစ်သည်။

အနုပညာရှင်များသည် နိုင်ငံနှင့်လူမျိုးအတွက် လိုအပ်လာသည့်အခါ မိမိတို့၏စွမ်းပကားဖြင့် သမိုင်းပေးတာဝန်ကိုကျေပွန်ခဲ့ကြပြီး အနုပညာအစွမ်းဖြင့် ပြည်သူလူထုကို စည်းလုံးစေသည်၊ ညီညွတ်စေသည်။ ရဲရင့်တက်ကြွစေသည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ထက်သန်စေသည်။ ထို့ကြောင့် မျိုးဆက်သစ်အနုပညာရှင်များအနေဖြင့် အနုပညာစွမ်းပကားဖြင့် နိုင်ငံကို ဝိုင်းဝန်းတည်ဆောက်သွားရန် လိုအပ်သကဲ့သို့ တန်ဖိုးမဖြတ်နိုင်သောယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းသွားရန်လည်း တာဝန်ရှိပေသည်။

ထို့ကြောင့် ရှေးအစဉ်အလာမပျက် ထူးခြားလေးနက်သည့် မြန်မာတို့၏ ယဉ်ကျေးမှုအနုသုခုမပညာရပ်များမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ဖော်ထုတ်ပေးမည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်များမြင့်မားတိုးတက်တောက်ပြောင်လာအောင် ဝိုင်းဝန်းအားပေးမြှင့်တင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

- ၂၂-၁၀-၂၀၂၆ ထုတ် သတင်းစာများ။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(male)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျဉ်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(female)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျဉ်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲခန်းနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။



ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

STARMART အရောင်းဆိုင်များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။





အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အ.ထ.က (၁) Grade-9 တန်းတွင် ပညာသင်ကြားခဲ့သော (ဘ) ဦးကျော်ကျော်ဦး၏သား မောင်သန့်သူအား မောင်ခန့်ထက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ခန့်ထက်

ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မောင်ရှင်းခန့်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးထက်မြတ်အောင်ဖြစ်ပါကြောင်း။

ဦးထက်မြတ်အောင် ၉/မဟမ(နိုင်)၀၂၈၉၄၀

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ "အောင်ပညာရိပ်မွန်" ကိုယ်ပိုင်အထက်တန်းကျောင်း ၂၀၂၅-၂၀၂၆ပညာသင်နှစ် Grade-11 တွင် ပညာသင်ယူခဲ့သော (ဘ)ဦးဝင်းလှိုင်၏သမီး မဖူးပွင့်ခိုင်အား မဖူးပွင့်လှိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မဖူးပွင့်လှိုင်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ၊ အထက(ခွဲ)ကျောင်း၊ Grade-6တွင် ပညာသင်ကြားနေသော မောင်အောင်စစ်မှူးခန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရဲရင့်ထွန်းဖြစ်ပါကြောင်း။

ဦးရဲရင့်ထွန်း ၁/ဟပန(နိုင်)၀၀၃၁၅၈

အဗိုးတန်ရေချိုကို ချွေတာပါ

လျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်လျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ လျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှိနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခဲ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧရာဝတီရိုမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-စာ၀၃၃၄၄၇၊
၀၆၇-စာ၀၃၃၄၄၄
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ

ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုးနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

မြန်မာဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက YRG FC အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ YRG FC အသင်းက ကိုးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊

စာမျက်နှာ ၂၂ ကော်လံ ၁ ◆



ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် AA အဖွဲ့၊ PLF အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် ၂၈ ဦးတို့ကို မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် အောက်တိုဘာ ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း

စာမျက်နှာ ၂၃ ကော်လံ ၁ ❖

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ လက်နက်များကို ကြည့်ရှုစစ်ဆေးစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

လုံခြုံရေးကို ခြိမ်းခြောက်လာသည့် ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသ နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ် တွင်းနိုင်ငံများနှင့် ပူးပေါင်းကာ ဆိုင်ရာလူမှုစီးပွားနယ်ပယ်နှင့် အမျိုးသား လည်လောင်းကစားမှုများ ပပျောက်စေ

စာမျက်နှာ ၂၆ ကော်လံ ၁ ■



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်း လောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် ခြောက်ထပ်အဆောက်အအုံကို ယန္တရားများဖြင့် ဖြိုချဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ရှမ်းယူနိုက်တက်အသင်းက Young Lionesses အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် Young Lionesses အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၄ ●